အတွဲ (၅)၊ အမှတ် (၃၈)

www.facebook.com/themyawadydaily

အောက်တိုဘာ (၆)ရက် (ကြာသပတေး)၊ ၂၀၁၆ ခုနှစ်

# SPORTS VIEW JOURNAL

# အားကစားအမြင် ဂျာနယ်



## ဘောလုံးကျိန်စာမိနေတဲ့နိုင်ငံ (သို့မဟုတ်) အင်္ဂလန်

www.facebook.com/themyawadydaily
www.myawady.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး
ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး
ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး
ဒို့အရေး

# ခြေစစ်ပွဲစဉ်များအတွက် အင်္ဂလန်အသင်းလူစာရင်းတွင် ရပ်ရှ်ဖို့ဒ်၊ လင်ဂတ်၊ ဂျွန်ဆင်တို့ကိုယာယီနည်းပြဆောက်ဂိတ်ပြန်လည်ခေါ်ယူ

## ယူ-၂၁ အသင်းတွင်လက်တွဲခဲ့သူများကို ယုံကြည်စွာရွေးချယ်ခဲ့ခြင်းဖြစ်



အင်္ဂလန်အသင်း၏ယာယီနည်းပြဖြစ်သူ ဂါရတ်ဆောက်ဂိတ်သည် မော်လ်တာ၊ ဆလိုဗေးနီးယားတို့နှင့် ယှဉ်ပြိုင်ကစားရမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များအတွက်အသင်းလူစာရင်းတွင် မာကပ်စ်ရပ်ရှ်ဖို့ဒ်၊ ဂျက်စီလင်ဂတ်နှင့်ဂလင်းဂျွန်ဆင်တို့ကို ပြန်လည်ထည့်သွင်းခေါ်ယူခဲ့သည်ဟု သိရသည်။ ယခင်နည်းပြဆမ်အလာဒိုက်စ်မှာ အငြင်းပွားဖွယ်မှတ်ချက်များကြောင့် အင်္ဂလန်နည်းပြရာထူးမှထွက်ခွာသွားပြီးနောက် ဆောက်ဂိတ်က ယာယီကိုင်တွယ်နေခြင်းဖြစ်သည်။ မန်ယူလူငယ်တိုက်စစ်မှူးရပ်ရှ်ဖို့ဒ်သည် ဟော့ဆန်လက်ထက်ယူရို ၂၀၁၆ ပြိုင်ပွဲဝင်အင်္ဂလန်အသင်းတွင်ပါဝင်ခဲ့သော်လည်းအလာဒိုက်စ်ကမူ ၎င်းကိုမရွေးချယ်ဘဲ ယူ-၂၁ အသင်းတွင်သာနေရာရခဲ့သည်။ ယခုအခါရပ်ရှ်ဖို့ဒ် ပြန်လည်ရွေးချယ်ခံခဲ့ရပြီး လင်ဂတ်မှာလည်း ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလနောက်ပိုင်း ပထမဆုံး အကြိမ်အဖြစ် အင်္ဂလန်အသင်းတွင်ပါ ဝင်လာခဲ့ခြင်းဖြစ်သည်။ စတုတ်စီးတီး အသင်းမှ ဂလင်းဂျွန်ဆင်မှာကလိုင်နီဒဏ်ရာရရှိနေသည့်အတွက် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲနောက်ပိုင်းလက်ရွေးစင်စာရင်း၌ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။ ဒဏ်ရာရရှိနေသော ဟယ်ရီကိန်း၊ လယ်လာနာ၊ ဒရင့်ဝါတာ၊ ကလိုင်နီ၊ လုခ်ရှောတို့ကို ရွေးချယ်နိုင် ခြင်းမရှိခဲ့ကြောင်း၊ ယူ-၂၁ အသင်း တွင်လက်တွဲခဲ့သော ရပ်ရှ်ဖို့ဒ်၊ လင်ဂတ်တို့မှာ စိတ်လှုပ်ရှားဖွယ် လူငယ်များဖြစ်သည့် အတွက် ရွေးချယ်ခဲ့ခြင်း ဖြစ်ကြောင်း ဆောက်ဂိတ်ကဖွင့်ဟပြောဆိုခဲ့သည်။

**အင်္ဂလန်အသင်းလူစာရင်း**

***ဂိုး*** - ဖော်စတာ၊ ဂျိုးဟတ်၊ တွမ်ဟီတန်။

***နောက်တန်း*** - ဘာထရန်၊ ကာဟေးလ်၊ ဂျာဂျီရယ်ကာ၊ ဂျွန်ဆင်၊ ဒန်နီရိုစ်၊ စမောလင်း၊ ဂျွန်စတုန်း၊ ဝေါကာ။

***အလယ်တန်း*** - ဒိုင်ယာ၊ ဟန်ဒါဆင်၊ ချိန်ဘာလိန်၊ အန်တိုနီယို၊ လင်ဂတ်၊ စတာလင်း၊ ဝဲလ်ကော့၊ အယ်လီ။

***ရှေ့တန်း*** - ရွန်နီ၊ ရပ်ရှ်ဖို့ဒ်၊ စတားရစ်ချ်ဟာဒီ။

# ကံကောင်းစွာအနိုင်ရရှိခဲ့ဟု အာစင်ဝင်းဂါး ဝန်ခံမှုပြု



ဘန်လေနှင့်ပွဲစဉ်တွင်ကံကောင်းစွာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်ဟု အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝန်ခံပြောဆိုလိုက်သည်။ အာဆင်နယ်အသင်းသည် ဘန်လေကိုဖိအားပေးကစားနိုင်ခဲ့သော်လည်း နောက်ဆုံးမိနစ်သို့ရောက်ရှိမှသာ ကော့စီရယ်နီ၏ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး နည်းပြအာစင်ဝင်းဂါး၏ အာဆင်နယ်နှင့်သက်တမ်းနှစ် ၂၀ ၌ အောင်ပွဲခံခွင့်ရရှိစေခဲ့သည်။ "ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်း ကံကောင်းခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့အသင်းဟာ ကာယပိုင်းကျဆင်းနေခဲ့သလို နည်းစနစ်ပိုင်းအမှားတွေလည်း ရှိခဲ့တာကြောင့်ပါပဲ။ ဘန်လေအသင်းရဲ့ ခံစစ်ကစားပုံကကောင်းမွန်ခဲ့ပြီး သူတို့ရဲ့ထောင့်ကန်ဘောတွေက ဂိုးရမလိုတွေဖြစ်ခဲ့ပါတယ်။ အနိုင်ဂိုးကို ကျွန်တော်မမြင်လိုက်ရပါဘူး။ ဒါပေမဲ့ ဒီပွဲမှာ ကျွန်တော်တို့အသင်းကံနည်းနည်းကောင်းခဲ့တယ်လို့ပြောရမှာပါ" ဟုဝင်းဂါးကဆိုခဲ့သည်။

# အကျပ်အတည်းမဟုတ်ဟု ဇီဒန်းပြောကြား

အီဘာနှင့်ပွဲတွင် သရေကျကာပြိုင်ပွဲစုံတွင် ၄ ပွဲဆက်သရေရလဒ်ဖြင့်ရင်ဆိုင်ခဲ့ရပြီးနောက် ရီးရဲလ်နည်းပြဇီဒန်းက မိမိတွင်တာဝန်ရှိကြောင်း၊ အဖြေကိုအလျင်အမြန်ရှာဖွေသွားမည်ဖြစ်ကြောင်း ဖွင့်ဟပြောဆိုသည်။ ရီးရဲလ်သည် ဗီလာရီးရဲလ်၊ လက်စ်ပါးလ်မက်စ်၊ ဒေါ့မွန်၊ အီဘာတို့နှင့်ဆက်တိုက်သရေကျခဲ့ခြင်းဖြစ်သည်။ "ကျွန်တော့်မှာတာဝန်ရှိပါတယ်။ ဒီအတွက်အဖြေကိုအမြန်ရှာဖွေသွားမှာပါ။ ကျွန်တော်တို့ပြောင်းလဲမှုလုပ်ဖို့လိုနေပါတယ်။ ဒါက အကျပ်အတည်းတစ်ခုမဟုတ်ပါဘူး။ အခုမှအောက်တိုဘာလပဲ ရှိပါသေးတယ်။ ရှုံးသွပ်စရာမလိုပါဘူး" ဟုဇီဒန်းကဆိုခဲ့သည်။

# အမှားပြုခဲ့ခြင်းအတွက်စတီဂျန်တောင်းပန်

ဆယ်တာဗီဂိုနှင့်ပွဲတွင်ဘာစီလိုနာအသင်းအရေးနိမ့်ခဲ့ခြင်း၌ အမှားအယွင်းတစ်ကြိမ်ပြုလုပ်မိခဲ့သောဂိုးသမား စတီဂျန်က ဘာစီလိုနာအသင်းဖော်များကို တောင်းပန်စကားဆိုခဲ့သည်။ စတီဂျန်၏ဘောလုံးပေးမှားယွင်းမှုမှတစ်ဆင့် ဆယ်တာဗီဂိုအသင်းဦးဆောင်ဂိုးရရှိခဲ့ခြင်းဖြစ် ကာပွဲအပြီးတွင် ၄-၃ ဂိုးဖြင့် ဘာစီလိုနာကို အနိုင်ရရှိသွားခဲ့သည်။ "ကျွန်တော်တို့တွေနောက်ဆုံးမိနစ်အထိကြိုးစားခဲ့တယ်။ ဂိုးပေးလိုက်ရတာကတော့ ကျွန်တော့်အမှားကြောင့်ဖြစ်ပါတယ်။ ဒီအတွက်ဝမ်းနည်းရပြီးအသင်းဖော်တွေကို တောင်းပန်ချင်ပါတယ်။ ဒီလိုမမှားခဲ့ရင်ကျွန်တော်တို့အနိုင်ရနိုင်တယ်" ဟုစတီဂျန်ကပြောဆိုသည်။

| | |
|---|---|
| **စာတည်းမှူးချုပ်** | - ကျော်ကျော်လင်းအောင် |
| **စာတည်းမှူး** | - ငြိမ်းချမ်းဦး |
| **တာဝန်ခံစာတည်း** | - ကျော်ဇင်ထွန်း |
| **စာပြင်** | - ဖြိုးမောင်လှ |
| **မျက်နှာဖုံးဒီဇိုင်း** | - မိုးဇက် |
| **အတွင်းဒီဇိုင်း** | - တေဇာကျော် |
| **ထုတ်ဝေသူ** | - ဦးကျော်ကျော်ဦး (၀၀၈၁၂) |
| **ပုံနှိပ်** | - မြဝတီစာပေတိုက် (၀၀၆၅၆) |
| **ဂျာနယ်ရုံးခန်း** | - အမှတ်(၁၅)၊ တပ်မြို မိုးကောင်းလမ်း၊ (၁၅)ရပ်ကွက် ဘောက်ထော်၊ ရန်ကင်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| **ဖုန်း** | - ၀၉ ၂၅၄၀၇၂၉၇(စာတည်း) ၀၉ ၃၂၄၉၇၂၄(ဖြန့်ချိရေး) |

# ဒီဘိုင်နီပါဝင်ခဲ့ပါကလည်း ရလဒ်ပြောင်းမည်မဟုတ်ဟု ဂွါဒီယိုလာဝန်ခံ



စပါးကို ၂-၀ ဖြင့်အရေးနိမ့်ခဲ့သည့်ပွဲစဉ်တွင်ကွင်းလယ်ဖန်တီးရှင်ဒီဘိုင်နီပါဝင်ခဲ့လျှင်လည်း ရလဒ်ပြောင်းလဲနိုင်ဖွယ်မရှိဟု မန်စီးတီးနည်းပြဂွါဒီယိုလာက ဝန်ခံပြောဆိုသည်။ ယခုရာသီတွင် ပရီးမီးယားလိဂ်ပွဲစဉ်အားလုံးကို အနိုင်ကစားထားသော မန်စီးတီးအသင်းသည်ဒီဘိုင်နီမပါဝင်သည့်ပွဲစဉ်၌ပထမဆုံးရှုံးပွဲတွေ့ခဲ့ရသည်။ "ကီဗင်ကအံ့သြစရာကစားသမားတစ်ယောက်ပါပဲ။ ဒါပေမဲ့သူပါခဲ့ရင်လည်း အများကြီးပြောင်းလဲစရာတော့မရှိပါဘူး။ သူတစ်ယောက်တည်းနဲ့ အနိုင်ရဖို့မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့အားလုံးစုစုစည်းစည်းအနိုင်ရဖို့လိုပါတယ်။ စပါးကအသင်းသားတစ်ယောက်ကြောင့်အနိုင်ရခဲ့တာ မဟုတ်ပါဘူး။ စပါးအသင်းက ကျွန်တော်တို့ထက်ပိုကောင်းခဲ့တယ်" ဟုဂွါဒီယိုလာက ပြောဆိုသည်။ စပါးအသင်းသည် ယမန်နှစ်တွင်ချန်ပီယံဆုကို စိန်ခေါ်နိုင်ခဲ့သည့်နည်းတူ ယခုရာသီတွင်လည်း စိန်ခေါ်နိုင်စွမ်းရှိကြောင်း၊ ချန်ပီယံဆုကို မျှော်လင့်နိုင်သည့်အသင်းများစွာထဲတွင် စပါးလည်းအပါအဝင်ဖြစ်ကြောင်း ဂွါဒီယိုလာက သုံးသပ်ခဲ့သည်။ စပါးအသင်းသည် ပြိုင်ပွဲစုံ၌ ၅ ပွဲဆက်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီးနည်းပြပိုချက်တီနိုက အသင်း၏စွမ်းဆောင်ရည်မှာ လုံးဝပြီးပြည့်စုံမှုနှင့်နီးစပ်ခဲ့ကြောင်း၊ အသင်းသားများ၏ကြိုးစားမှုအတွက် ဂုဏ်ယူကြောင်း၊ မိမိတို့၏ဒဿနကို ပြသနိုင်ခဲ့ကြောင်း ဆိုခဲ့သည်။

# နောက်ဆုံးရသတင်းတိုများ

- စပိန်သို့ပြန်လိုနေသည်ဟုသတင်းများထွက်ပေါ်နေသော်လည်း လက်ရှိအချိန်တွင် ချဲလ်ဆီးအသင်း၌သာ ပျော်ရွှင်နေကြောင်း အက်သလက်တီကိုဂိုးသမားဟောင်းကော်တွာ့ကစ်က ပြောဆိုသည်။
- ရိုးမားကို ၂-၁ဂိုးဖြင့်ရှုံးနိမ့်ရန်မထိုက်တန်ကြောင်း၊ မဖြစ်သင့်သည့်ပြစ်ဒဏ်ကျူးလွန်မှုအမှားမှတစ်ဆင့်ဂိုးပေးလိုက်ရကြောင်း အင်တာမီလန်နည်းပြ ဒီဘိုးဝါးကဖွင့်ဟသည်။
- အူဒီးနီးစ်အသင်းသည် လာဇီယိုကို ၃-၀ ဂိုးဖြင့် အရေးနိမ့်ခဲ့ပြီးနောက် ၎င်းတို့၏နည်းပြဖြစ်သူ လာချီနီကို ရာထူးမှ ထုတ်ပယ်လိုက်သည်ဟု သိရှိရသည်။

## ပေးစာကဏ္ဍ

**အယ်ဒီတာခင်ဗျား-**

ကမ္ဘာ့ဘောလုံးလောကရဲ့ အရပ်အမြင့်ဆုံး ကစားသမားက ဘယ်သူပါလဲ။ အရပ်အမြင့်ဆုံး ဘောလုံးသမားတွေအကြောင်း ဖော်ပြပေးပါခင်ဗျား။

**ညီညီ(တာမွေ)**

➤ **ကမ္ဘာမှာ အရပ်အရှည်ဆုံးဘောလုံးသမားက ဘယ်လ်ဂျီယံနဲ့စတန်းဒတ်လီဂျ် ဂိုးသမားဟောင်း ခရစ္စတိုဗန်ဟောဖြစ်ပြီး အရပ် ၆ ပေ ၁၀ လက်မမြင့်ပါတယ်။ သူဟာလက်ရှိအချိန်မှာ ဘယ်လ်ဂျီယံကလပ်တက်စ်ဘာလူမှာကစားနေပါတယ်။ ဗြိတိန်မှာအရပ်အရှည်ဆုံးက စကော့တလန်တိုက်စစ်မှူးဟောင်းပေါလ် ဇီလာဖြစ်ပြီး ၆ ပေ ၁၀ လက်မအမြင့်ရှိပါတယ်။ ခရိုအေးရှားဂိုးသမားဟောင်း ဆိုင်ဗီဆာက ၆ ပေ ၉ လက်မမြင့်ပါတယ်။**

(Sports View ဂျာနယ်သို့ အကြံပေးချက်များ၊ သိရှိမေးမြန်းလိုသည်များရှိပါက sportsviewjournal@gmail.com သို့ Email မှတစ်ဆင့်လည်းပေးပို့နိုင်ပါသည်)

# အပိုင်ဂိုးရခွင့်များဖြုန်းတီးခဲ့သည့် ဒီဖိုးအတွက် ဆန်းဒါးလန်းနည်းပြမိုယက်စ်စိတ်ပျက်



ဝက်စ်ဘရွန်းနှင့်တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် ဂိုးရခွင့်များစွာကို ဖြုန်းတီးပစ်ခဲ့သည့် တိုက်စစ်မှူးဒီဖိုးအတွက် စိတ်ပျက်ရကြောင်း ဆန်းဒါးလန်းနည်းပြ ဒေးဗစ်မိုယက်စ်က ဖွင့်ဟပြောဆိုသည်။ အဆိုပါပွဲတွင် ဒီဖိုးသည် အပိုင်အခွင့်အရေး ၂ ကြိမ်ကိုအသုံးမချနိုင်ခဲ့သည့်အတွက် ဆန်းဒါးလန်းနိုင်ပွဲပျောက်ခဲ့ရသလိုမိုယက်စ်သည်လည်း ပထမဆုံးနိုင်ပွဲလိုအပ်နေဆဲဖြစ်သည်။ " ကျွန်တော်တို့အသင်းဟာ ၁-၀ ဂိုး နဲ့ရှုံးနိမ့်နေဖို့ မထိုက်တန်ပါဘူး။ ဒီဖိုးက အပိုင်အခွင့်အရေးတွေရခဲ့ပါတယ်။ ဂိုးရပြီလို့ ကျွန်တော်ထင်ခဲ့တာပါ။ ဒီဖိုးဂိုးသွင်းယူနိုင်ဖို့ လိုအပ်ပါတယ်။ ကံမကောင်းစွာနဲ့ပဲကျွန်တော်တို့အသင်းမှာ လူအင်အားများများစားစား မရှိပါဘူး။ ရှေ့တန်းမှာ ထုတ်သုံးဖို့တိုက်စစ်မှူးမရှိဘူးဖြစ်နေခဲ့တယ်။ ကျွန်တော်အရမ်းစိတ်ပျက်ရပါတယ်" ဟုမိုယက်စ်က ပြောဆိုခဲ့သည်။

# တိုက်စစ်မှူးကော်စတာမှာ လိုအပ်သည့်အချိန်တိုင်းတွင် ဂိုးသွင်းယူနိုင်စွမ်းရှိသည်ဟု ချဲလ်ဆီးနည်းပြကွန်တီချီးကျူးပြောကြား

## ကစားသမားအားလုံး၏ကြိုးစားမှုအတွက် ကျေနပ်သည်ဟုလည်းဖွင့်ဟ



ဟူးလ်စီးတီးနှင့်ပွဲတွင် ချဲလ်ဆီးအတွက် ဒုတိယအနိုင်ဂိုးသွင်းယူပေးခဲ့သော တိုက်စစ်မှူးဒီယေဂိုကော်စတာမှာလိုအပ်သည့်အချိန်တိုင်းတွင် ဂိုးသွင်းယူနိုင်စွမ်းရှိသည်ဟု ချဲလ်ဆီးနည်းပြကွန်တီက ချီးကျူးပြောဆိုသည်။ ချဲလ်ဆီးအသင်းသည် လီဗာပူးနှင့်အာဆင်နယ်တို့ကို ဆက်တိုက်အရေးနိမ့်ခဲ့ရပြီးနောက် ဟူးလ်စီးတီးနှင့်ပွဲတွင်ဗီလျံ၊ ကော်စတာတို့၏သွင်းဂိုးများနှင့်အတူ နိုင်ပွဲပြန်ရခဲ့သည်။ ကော်စတာသည် ပြီးခဲ့သည့်နွေရာသီတွင် အသင်းဟောင်းအက်သလက်တီကိုသို့ပြန်သွားမည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်းကွန်တီက ကော်စတာကို ဆက်လက်အားထားခဲ့ပြီး ၎င်းမှာယခုရာသီ၌ ၆ ဂိုးသွင်းယူထားသည်။ " ကော်စတာ ၆ ဂိုးသွင်းယူထားနိုင်တယ်ဆိုတာက သူ့အတွက်သာမကဘဲ ကျွန်တော်တို့အတွက်ပါ အံ့သြဖို့ကောင်းပါတယ်။ သူဟာပွဲတိုင်းမှာ ရလာတဲ့အခွင့်အရေးတွေကို ဂိုးအဖြစ်ပြောင်းလဲပေးနိုင်စွမ်းရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ သူ့အတွက် ကျွန်တော်အရမ်းကျေနပ်ပါတယ်။ ဗီလျံ၊ ဟာဇက်တို့အတွက်လည်း ကျေနပ်ပါတယ်။ ဟာဇက်က ကျွန်တော်ဆန္ဒရှိတဲ့အတိုင်း ကစားပေးသွားခဲ့ပါတယ်" ဟု ကွန်တီက ပြောဆိုခဲ့သည်။ ၂ ပွဲဆက်အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီးနောက် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းမှာ အရေးကြီးသည်ဟုလည်း ကွန်တီကဆိုသည်။ " ၂ ပွဲဆက်ရှုံးပြီးနောက်မှာ နိုင်ပွဲပြန်ရခဲ့တာအရေးကြီးပါတယ်။ ရလဒ်ဆိုးတွေနဲ့ကြုံရပြီးနောက်မှာ တိုးတက်မှုရှိလာအောင်ပြုပြင်ပြောင်းလဲမှုတွေလုပ်ခဲ့ရတယ်။ ပြင်းပြင်းထန်ထန်ကြိုးစားခဲ့ရတယ်။ ကစားသမားအားလုံးလိုလို အရမ်းကြိုးစားခဲ့တာကို ကျွန်တော်တွေ့မြင်ရပါတယ်။ ဒီအတိုင်းဆိုကျွန်တော်တို့အသင်းတိုးတက်လာမှာပါ" ဟုကွန်တီကဆိုသည်။

### ဗလင်စီယာဂိုးသမားအဲလ်ဗက်စ်ကို ဆီမွန်နီ ချီးကျူးပြောကြား

အက်သလက်တီကိုနှင့်ပွဲစဉ်တွင် ပင်နယ်တီ ၂ ကြိမ်ကာကွယ်နိုင်ခဲ့သော ဗလင်စီယာဂိုးသမားဒီယေဂိုအဲလ်ဗက်စ်ကို အက်သလက်နည်းပြ ဆီမွန်နီက ချီးကျူးပြောဆိုခဲ့သည်။ အဲလ်ဗက်စ်သည် ပြီးခဲ့သည့်တစ်ပတ်တွင် လာလီဂါ၏ပင်နယ်တီကာကွယ်နိုင်မှုအများဆုံး ဂိုးသမားအဖြစ်စံချိန်တင်နိုင်ခဲ့သလို ယခုတစ်ပတ်တွင်လည်း အက်သလက်တီကိုမှ ဂရိုင်မန်းနှင့်ဂါဘီတို့၏ ကန်ချက်များကို ကာကွယ်နိုင်ခဲ့သည်။ သူသည် လာလီဂါတွင် ပင်နယ်တီကာကွယ်နိုင်မှုပေါင်း ၁၉ ကြိမ်အထိရှိလာခဲ့ရာ ဆီမွန်နီက ချီးကျူးပြောဆိုခဲ့ခြင်းဖြစ်သည်။



# စတုတ်စီးတီးကို ၆-၀ ဂိုးဖြင့် အနိုင်ရရှိသင့်ခဲ့သည်ဟု မော်ရင်ဟို ထုတ်ဖော်ပြောဆို

## ရလဒ်ဆိုးရှားခဲ့သော်လည်း ကစားပုံအကောင်းဆုံးဖြစ်ခဲ့သည်ဟု သုံးသပ်မှုပြု

စတုတ်စီးတီးနှင့်တစ်ဂိုးစီသရေကျခဲ့သောပွဲစဉ်တွင် မိမိတို့အသင်း ၆-၀ ဂိုးဖြင့်အနိုင်ရရှိသင့်ခဲ့သည်ဟု မန်ယူနည်းပြမော်ရင်ဟိုကဖွင့်ဟပြောဆိုသည်။ မန်ယူအသင်းသည်စတုတ်စီးတီးနှင့်ပွဲတွင် ဂိုးပေါက်ကန်သွင်းခွင့် ၂၄ ကြိမ်အထိရခဲ့သော်လည်း တစ်ဂိုးသာသွင်းယူနိုင်ခဲ့ပြီး ဗြိုင်ဘက်ဂိုးသမားလီဂရန့်မှာ မန်ယူအသင်း၏ဂိုးရခွင့် ၈ ကြိမ်ကိုကာကွယ်သွားနိုင်ခဲ့သည်။ " ဒီရာသီမှာ ကစားခဲ့သမျှ မန်ယူအသင်းရဲ့ အကောင်းဆုံးကစားပုံပါပဲ။ ဒီပွဲရဲ့ပထမပိုင်းမှာတင် ၃-၀၊ ၄-၀ လောက်ဖြစ်သင့်ပါတယ်။ ပွဲအပြီးမှာလည်း ၆-၀ ဆိုတဲ့ရလဒ်ဖြစ်သင့်ခဲ့ပါတယ်။ ဒါပေမဲ့ရလဒ်က ၁-၁ ဖြစ်သွားခဲ့ပါတယ်။ ဒါကဘောလုံးပါပဲ။ ဒီနေ့ပွဲကစားပုံက လက်စတာနဲ့ပွဲမှာထက် ပိုကောင်းခဲ့တယ်။ ဒီနေ့ပွဲကစားပုံက အများကြီးပိုကောင်းခဲ့တာပါ။ အပြတ်အသတ်အနိုင်ရနိုင်တဲ့စွမ်းဆောင်ရည်ဖြစ်ပါတယ်။ ရလဒ်ကဆိုးရွားခဲ့ပေမယ့် ကစားပုံကောင်းမွန်ခဲ့တယ်လို့ ကျွန်တော်ထင်ပါတယ်။ စတုတ်စီးတီးက သရေရလဒ်အတွက် ဒီကိုလာကစားခဲ့တာပါ။ သူတို့ကံကောင်းခဲ့ပါတယ်။ ဒါပေမဲ့ကံဆိုတာက ဘောလုံးရဲ့အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်" ဟုမော်ရင်ဟိုက ပြောဆိုခဲ့သည်။



## SHORT **NEWS**

- မိမိလိုအပ်သည့်အရာများကို ဖြည့်တင်းပေးမည်ဟူသော ကတိစကားရရှိမှသာ ဟူးလ်စီးတီးအသင်းနှင့်အမြဲတမ်းစာချုပ် ချုပ်ဆိုမည်ဟု ယာယီနည်းပြအဖြစ် တာဝန်ယူလျက်ရှိသော မိုက်ဖီလန်က ပြောဆိုသည်။
- တိုက်စစ်မှူးကာဗာနီ ဂိုးများသွင်းယူနိုင်နေခြင်းမှာ အသင်းသားအားလုံး၏ ယုံကြည်ချက်မြင့်တက်လာရေးတွင် အရေးပါသည်ဟု ပီအက်စ်ဂျီနည်းပြအူနိုင်းအမ်မရီက ဖွင့်ဟသည်။
- တိုက်စစ်မှူးရွန်နီမှာ အသင်း၏ပွဲထွက်စာရင်း တွင်ပါဝင်ခွင့်ပျောက်ဆုံးခဲ့သော်လည်း အသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်သည်ဟု မန်ယူနည်းပြမော်ရင်ဟိုက ပြောဆိုသည်။ ရွန်နီသည် လက်စတာ၊ ဇော်ယာ၊ စတုတ်စီးတီးတို့နှင့်ပွဲများတွင်ပွဲထွက်ခွင့်မရခဲ့ပေ။

## ဆွာရက်ဇ်၏အဆင့်ကိုမမီသေးဟု လူကာကူဝန်ခံ

အဲဗာတန်တိုက်စစ်မှူးလူကာကူက ၎င်းအနေဖြင့် ဘာစီလိုနာ တိုက်စစ်မှူးဆွာရက်ဇ်နှင့်အခြားထိပ်တန်းတိုက်စစ်မှူးများ၏အဆင့် အတန်းကိုမီရန် လိုအပ်နေသေးသည်ဟု ဝန်ခံပြောဆိုသွားခဲ့သည်။ လူကာကူသည် ပြီးခဲ့သည့်ရာသီ ၃၇ ပွဲတွင်၁၈ဂိုးသွင်းယူနိုင်ခဲ့သူ ဖြစ်သော်လည်း ယခုရာသီတွင်မူ ရုန်းကန်နေရသလို အသင်းမှာ လည်း အဆင့် ၁၁ နေရာတွင် ရပ်တည်နေသည်။ ဆွာရက်ဇ်ကဲ့သို့ အဆင့်မျိုးရောက်ရန်လိုအပ်သေးကြောင်း၊ ဂိုးသွင်းရန်အပြင်ဂိုးဖန် တီးနိုင်ရန်လိုအပ်ကြောင်း လူကာကူကဆိုခဲ့သည်။

## ဇာဗီးထက် ကိုကီသာသည်ဟု ဆွာရက်ဇ်သုံးသပ်

အက်သလက်တီကိုအသင်းဖော်ဟောင်းကိုကီသည်ဘာစီလိုနာ ဂန္တဝင်ကစားသမား ဇာဗီးထက်ပိုမိုပြီးပြည့်စုံသော ကွင်းလယ်လူ ဖြစ်သည်ဟု ဗလင်စီယာကွင်းလယ်ကစားသမား မာရီယိုဆွာရက်ဇ် က သုံးသပ်ပြောဆိုသည်။ ဆွာရက်ဇ်သည် ကိုကီနှင့်အတူအက်သ လက်တီကိုလူငယ်အသင်းများတွင် အတူတွဲဖက်ကစားခဲ့ပြီး အသင်းကြီးတွင်လည်း နှစ်ပေါင်းများစွာကစားခဲ့သည်။ ကိုကီမှာကွင်း လယ်နေရာစုံတွင်ကစားနိုင်ပြီး အရှည်အသွေး၊ အလုပ်လုပ်နှုန်းများ တွင် ဇာဗီးထက်သာလွန်သည်ဟု ဆွာရက်ဇ်ကဆိုခဲ့သည်။

## ဗလင်စီယာနည်းပြသစ်အဖြစ်ပရင်ဒယ်လီကိုခန့်အပ်

ဗလင်စီယာအသင်းသည် ၎င်းတို့၏နည်းပြသစ်အဖြစ်အီတလီ လက်ရွေးစင်အသင်းနည်းပြဟောင်း ပရင်ဒယ်လီကို ခန့်အပ်လိုက် သည်ဟု သိရသည်။ ဗလင်စီယာအသင်းသည် ပါကိုအိုင်ယက်စ တာရန်ကို နည်းပြရာထူးမှဖယ်ရှားခဲ့ပြီးနောက် ယခင်နည်းပြအူနိုင်း အမ်မရီလက်ထက်က ရရှိခဲ့ဖူးသောအောင်မြင်မှုများပြန်လည်ရယူ နိုင်ရန် ရည်ရွယ်ကာ ပရင်ဒယ်လီကို ခေါ်ယူခန့်အပ်ခဲ့ခြင်းဖြစ် သည်။ ပရင်ဒယ်လီသည် ၂၀၁၄ ခုနှစ်ကတည်းကအသင်းလက်မဲ့ ဖြစ်နေပြီး ယခုအခါဗလင်စီယာကိုတာဝန်ယူခဲ့ခြင်းဖြစ်သည်။

## အင်္ဂလန်အသင်းကို ရွန်နီ ဆက်လက်ဦးဆောင်မည်

မော်တာ၊ ဆလိုဗေးနီးယားတို့နှင့် ကစားရမည့် ၂၀၁၈ကမ္ဘာ့ဖလားခြေ စစ်ပွဲများတွင် အင်္ဂလန်အသင်း ခေါင်းဆောင်အဖြစ် ရွန်နီဆက်ရှိ နေမည်ဖြစ်သည်ဟု ယာယီနည်းပြ ဆောက်ဂိတ်က အတည်ပြုခဲ့သည်။ ကစားသမားအပြောင်းအရွှေ့ အတွက်တရားမဝင်အကြံပေးမှုကြောင့် အင်္ဂလန်နည်းပြအဖြစ်မှ ဆမ်အလာ ဒိုက်စ်နုတ်ထွက်သွားပြီးနောက် ယာယီကိုင်တွယ်ခွင့်ရထားသည့်ဆောက် ဂိတ်က ရွန်နီသည် လတ်တလော တွင် ဝေဖန်မှုများခံနေရသော်လည်း အင်္ဂလန်အသင်းအား အကောင်းဆုံး ဦးဆောင်ကစားနိုင်စွမ်းရှိဆဲဟု ပြော ဆိုသည်။ ရွန်နီသည်မန်ယူအသင်း တွင် ပုံမှန်ပွဲထွက်ခွင့် ပျောက်ဆုံးနေ သူဖြစ်သည်။



# ရော်ဘင်၏ဒဏ်ရာ စိုးရိမ်ရခြင်းမရှိဟု ဘိုင်ယန်နည်းပြအန်ဆယ်လော့တီ ဆို

## မိမိတို့အသင်းတွင် လိုအပ်ချက်များစွာရှိနေသေးကြောင်း၊ နိုင်ငံတကာပွဲစဉ်များ အပြီးတွင် တိုးတက်လာရန်လိုကြောင်းအသင်းခေါင်းဆောင်ဖိလစ်လမ်းတိုက်တွန်း



မိမိတို့အသင်းအနေဖြင့် ယခုထက် များစွာတိုးတက်ရန် လိုအပ်နေသေး သည်ဟု ဘိုင်ယန်မြူးနစ်အသင်းခေါင်း ဆောင် ဖိလစ်လမ်းက အသင်းသားများ ကို သတိပေးပြောဆိုသည်။ ဘိုင်ယန် မြူးနစ်အသင်းသည် ချန်ပီယံလိဂ်တွင် အက်သလက်တီကိုအား အရေးနိမ့်ခဲ့ရ ပြီးနောက် ဘွန်ဒက်စ်လီဂါတွင်လည်း အိမ်ကွင်း၌ ကိုလုံးနှင့်သရေကျကာ ၅ ပွဲဆက်အနိုင်ရရှိမှု ရပ်တန့်သွားခဲ့သည်။ “ ကျွန်တော်တို့အသင်းဟာ ဒီထက်အများကြီး ကြိုးစားရဦးမှာ ဖြစ်ပါတယ်။ တိုက်စစ်ပိုင်းရောခံစစ်ပိုင်းမှာပါ လိုအပ် ချက်တွေ ရှိနေပါသေးတယ်။ ကျွန်တော်တို့လိုချင်တဲ့ အဆင့်အတန်းကိုမရောက် သေးဘူးလို့ မြင်ပါတယ်။ အဲဒီအဆင့် ကိုရောက်ဖို့လိုသေးတယ်။ ပြီးခဲ့တဲ့နှစ် တွေအတွင်းမှာ ကျွန်တော်တို့အသင်း ဟာအောင်မြင်မှုတွေ ရခဲ့တယ်။ အခု အခါမှာတော့ ကျွန်တော်တို့အသင်းဟာ တစ်ပွဲရှုံးနိမ့်ပြီး တစ်ပွဲသရေကျထားခဲ့ ပါတယ်။ ဒါပေမဲ့အမြဲတမ်းလို တူညီတဲ့ နည်းစနစ်တွေနဲ့ ကစားနိုင်ဖို့မလွယ်ကူ ပါဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန် တော်တို့က နည်းပြသစ်နဲ့လက်တွဲအ လုပ်လုပ်နေရတာကြောင့်ပါ။ စိတ်ပျက် ခဲ့ရတာကတော့ အမှန်ပါပဲ။ ဒီပွဲမှာ အ နိုင်ရချင်ခဲ့ပါတယ်။ အထူးသဖြင့်အိမ် ကွင်းမှာ အနိုင်မရခဲ့တာက စိတ်ပျက် စရာဖြစ်ခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့အသင်း ထိပ်ဆုံးမှာဆက် ရှိနေဆဲဖြစ်ပါတယ်။ နိုင်ငံတကာပွဲစဉ် တွေအပြီး ပြန်ကစားချိန်မှာ နိုင်ပွဲတွေ ရယူနိုင်ဖို့ အရေးကြီးနေပါပြီ။ အသင်း ကဒီထက်တိုးတက်ဖို့ လိုအပ်နေတယ်” ဟုဖိလစ်လမ်းကပြောဆိုသည်။ ကိုလုံး နှင့်သရေကျသောပွဲစဉ်တွင် တောင်ပံ ကစားသမား အာဂျင်ရော်ဘင်ဒဏ်ရာ ရရှိခဲ့သော်လည်း စိုးရိမ်ရခြင်းမရှိဟု ဘိုင်ယန်မြူးနစ်နည်းပြ အန်ဆယ်လော့ တီက ပြောဆိုသည်။ ရော်ဘင်သည် ပေါင်ခြံဒဏ်ရာမှ ၂ လကြာအနားယူ ခဲ့ရပြီးနောက် ပြန်ကစားရာတွင်ဒဏ်ရာ ထပ်မံရရှိကာ သောမတ်စ်မူလာနှင့်လူ စားလဲခြင်းခံခဲ့ရသည့်အတွက် ကာလ ရှည်ကြာ ထပ်မံနားရဦးမည်လောဟု စိုး ရိမ်နေချိန်တွင် မပြင်းထန်ဟုအန်ဆ လော့တီကဆိုခဲ့ခြင်းဖြစ်သည်။

# ရော်နယ်ဒိုကို အားကျအတုယူခဲ့သည်ဟု မန်ယူလူငယ်တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ် ပြောကြား

## ပွဲစဉ်တိုင်းတွင် ရော်နယ်ဒိုကဲ့သို့ပြိုင်ဘက်ကိုခြိမ်းခြောက်နိုင်ရန်လိုအပ်ဟုဝန်ခံ



မန်ယူအသင်း၏ တောင်ပံကစားသမား ဟောင်းရော်နယ်ဒိုကိုအားကျအတုယူကာ ကြိုး စားလေ့ကျင့်ခဲ့ကြောင်း မန်ယူလူငယ်ကြယ်ပွင့် မာကပ်စ်ရပ်ရှ်ဖို့ဒ်က ပြောကြားသည်။ အသက် ၁၈ နှစ်သာရှိသေးသောရပ်ရှ်ဖို့ဒ်သည် မန်ယူ လူငယ်အကယ်ဒမီမှ ပေါက်ဖွားလာခဲ့သူဖြစ်ပြီး ဖေဖော်ဝါရီလကယှဉ်ပြိုင်ကစားခဲ့သောမစ်ဂျေ လန်းနှင့်ယူရိုပါလိဂ်ပွဲစဉ်တွင် ပွဲဦးထွက်ခွင့်ရရှိ ကာ ၂ ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက်၃ရက် အကြာတွင်အာဆင်နယ်နှင့်ပွဲ၌ ကစားခွင့်ရရှိ ကာပထမဆုံး ပရီးမီးယားလိဂ်ပွဲစဉ်တွင်ဂိုးသွင်း ယူနိုင်ခဲ့သည်။ သူသည်ယခုရာသီတွင်လည်းမန် ယူတိုက်စစ်အတွက် အရေးပါသူဖြစ်လာကာ ပြိုင်ပွဲစုံ ၇ ပွဲတွင် ၄ ဂိုးသွင်းယူနိုင်ခဲ့သည်။ ၂၀၁၆ခုနှစ်အတွင်း မန်ယူအသင်းသားများ ထဲ၌ ဂိုးအများဆုံးသွင်းယူထားသောရပ်ရှ်ဖို့ဒ်က မန်ယူတိုက်စစ်သမားဟောင်း ရော်နယ်ဒိုကို အားကျအတုယူခဲ့သည်ဟု ဖွင့်ဟခဲ့သည်။ ရော်နယ်ဒိုကို ပြိုင်ဘက်တိုင်းကြောက်ရွံ့ခဲ့ကြ ကြောင်း၊ ရော်နယ်ဒိုကဲ့သို့ ပွဲစဉ်တိုင်းတွင်ပြိုင် ဘက်ကို ခြိမ်းခြောက်နိုင်ရန်လိုအပ်နေကြောင်း၊ ရော်နယ်ဒိုနှင့် ရွန်နီတို့တွဲကစားခဲ့သည်ကို စောင့်ကြည့်ကာ အတုယူခဲ့ရကြောင်း ရပ်ရှ်ဖို့ဒ် က ပြောဆိုသွားခဲ့သည်။

## SHORT NEWS

- ဝါဒါဘရီမင်အသင်းသည် ယူ-၂၃ အသင်းနည်း ပြအလက်ဇန်းဒါးနိုရီကို အမြဲတမ်းနည်းပြအဖြစ် ရာသီကုန်အထိ ခန့်အပ်လိုက်သည်။ သူသည်ယ ခင်နည်းပြစကာရစ်နစ်၏နေရာတွင် စက်တင်ဘာ လလယ်ကတည်းက ယာယီတာဝန်ယူကိုင်တွယ် နေသူဖြစ်သည်။
- မန်စီးတီးကို ၂-၀ ဂိုးဖြင့်အနိုင်ရသောပွဲတွင် မိမိတို့ အသင်း၏ကြီးမားသောစွမ်းဆောင်ရည်ကို သက် သေပြသနိုင်ခဲ့သည်ဟု စပါးကွင်းလယ်လူ ဒယ်လီ အယ်လီက ဖွင့်ဟသည်။
- ၃ ပွဲဆက်အရေးနိမ့်မှုကို ရပ်တန့်ကာ ဝက်စ်ဟမ်း အသင်းနှင့်သရေကျအောင် စွမ်းဆောင်နိုင်ခဲ့သည့် အသင်းသားများ၏ စိတ်ဓာတ်နှင့်ကြိုးစားမှုကို ချီးကျူးလိုသည်ဟု မစ်ဒယ်ဘရော့နည်းပြ ကာရန် ကာက ဖွင့်ဟသည်။

www.facebook.com/themyawadydaily



## ကွင်းလယ်လူမိုဒရစ်ကာလအတန်ကြာနားရမည်

ရီးရဲလ်ကွင်းလယ်လူမိုဒရစ်သည် ဝဲဘက်ဒူးအရွတ်စုတ်ပြဲမှုဒဏ်ရာကြောင့် ကာလအတန်ကြာအနားယူရမည်ဟု သိရသည်။ မိုဒရစ်သည်အီဘာနှင့်ယှဉ်ပြိုင်ခဲ့သော လာလီဂါပွဲစဉ်တွင် ပါဝင်နိုင်ခဲ့ခြင်းမရှိသလို ကိုဆိုဗို၊ ဖင်လန်တို့နှင့်ကစားရမည့် ခရိုအေးရှားအသင်း၏ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များကိုလည်းလွဲချော်ဖွယ်ရှိနေသည်။ ရီးရဲလ်ကွင်းလယ်တွင် ကစားသမားအများစုဒဏ်ရာရရှိနေရာ မိုဒရစ်ဒဏ်ရာရရှိခဲ့ခြင်းမှာ နည်းပြဇီဒန်းအတွက် အခက်အခဲတစ်ရပ်ဖြစ်လာဖွယ်ရှိသည်။

## အသင်းသားများအပေါ် ရော်နယ်ကိုးမန်းချီးကျူး

အဲဗာတန်နည်းပြရော်နယ်ကိုးမန်းကသောကြာညတွင်ကစားခဲ့သော ခရစ္စတယ်ပဲလေ့စ်နှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေဖြင့်သာကျေနပ်ခဲ့ရသော်လည်း အသင်းသားများအပေါ် ချီးကျူးသွားခဲ့သည်။ အဲဗာတန်သည် အဆိုပါပွဲစဉ်တွင်လူကာကူ၏ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ဘန်တီကီ၏ချေပဂိုးကြောင့် သရေဖြင့်ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ သို့သော်လည်းကိုးမန်းက "အသင်းရဲ့ခြေစွမ်းက ကောင်းမွန်ခဲ့ပါတယ်။ ကျွန်တော်တို့အခွင့်အရေးတွေပိုဖန်တီးနိုင်ခဲ့တာအမှန်ပါပဲ"ဟု ပြောဆိုသွားခဲ့သည်။

## အသင်းသားများဘက်မှ ဘီလစ်ကာကွယ်မှုပြု

ဝက်စ်ဟမ်းနည်းပြဘီလစ်က အသင်းသားများညဘက်အပြင်ထွက်ခဲ့ခြင်းနှင့်ပတ်သက်၍ ကာကွယ်ပြောကြားခဲ့ပြီး ထိုဖြစ်ရပ်မှာ အသင်း၏စိတ်ဓာတ်ကိုမြှင့်တင်နိုင်ရန် ၎င်းကိုယ်တိုင်ခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်ဟုဖွင့်ဟခဲ့သည်။ ဝက်စ်ဟမ်းအသင်းသည်ပရီးမီးယားလိဂ် ၆ ပွဲတွင် ၅ပွဲ ရှုံးနိမ့်ခဲ့ပြီး အဆင့် ၁၈ နေရာတွင် ရပ်တည်နေရချိန်၌တိုက်စစ်မှူးကာရိုးလ်အပါအဝင်ကစားသမားများမှာ အပြင်ထွက်ပျော်ပါးခဲ့ကြသဖြင့် ဝေဖန်မှုများနှင့်ရင်ဆိုင်နေရသည်။ သို့ရာတွင်ဘီလစ်ကထိုဖြစ်ရပ်မှာ ၎င်း၏အကြံဖြစ်သည်ဟုဆိုခဲ့သည်။

# အသွင်ယူသတင်းထောက်များ၏သားကောင်များတွင်ရက်နပ်လည်းပါဝင်လာ

## ပရီးမီးယားလိဂ်ဘောလုံးသမားများမှာ ၎င်းတို့ပါဝင်ကစားခဲ့သော ပွဲစဉ်များတွင် လောင်းကစားမှုပြုခဲ့ကြသည်ဟု ရက်နပ်ဖွင့်ဟမိခဲ့



ပရီးမီးယားလိဂ်မှဘောလုံးသမားများမှာအက်ဖ်အေ၏စည်းမျဉ်းကို ချိုးဖောက်ကာ ၎င်းတို့ပါဝင်ကစားသည့် ပွဲစဉ်များကို လောင်းကစားမှုပြုခဲ့ကြသည်ဟုပရီးမီးယားလိဂ်ကလပ်အသင်းများစွာကို တာဝန်ယူကိုင်တွယ်ခဲ့ဖူးသည့်ဟယ်ရီရက်နပ်ကထုတ်ဖော်ပြောဆိုလိုက်သည်။ ပြီးခဲ့သည့်သီတင်းပတ်တွင် စီးပွားရေးသမားများ အသွင်ဟန်ဆောင်၍ အင်္ဂလန်နည်းပြဆမ်အလာဒိုက်စ်ထံမှ လျို့ဝှက်စကားများကိုနှိုက်ယူခဲ့သော တယ်လီဂရပ်သတင်းစာမှအသွင်ယူသတင်းထောက်များသည် ဗြိတိန်ဘောလုံးလောကမှ အကျင့်ပျက်ခြစားမှုများကိုဖော်ထုတ်ခဲ့ကြသည်။ ၎င်းတို့အသွင်ယူကာတွေ့ဆုံခဲ့သော ဘောလုံးလောကသားများထဲတွင်စပါ၊ ဝက်စ်ဟမ်းနှင့်ကျူပီအာနည်းပြဟောင်း ဟယ်ရီရက်နပ်လည်းပါဝင်ခဲ့သည်။ ဘောလုံးသမားများအနေဖြင့် ၎င်းတို့ပါဝင်ကစားမည့်ပွဲစဉ်များတွင် လောင်းကစားခြင်းကိုအက်ဖ်အေက တားမြစ်ပိတ်ပင်ခဲ့သော်လည်းကစားသမားများမှာ လိုက်နာခဲ့ခြင်းမရှိဟု ရက်နပ်ကဖွင့်ဟမိခဲ့ခြင်း ဖြစ်သည်။ နည်းပြများအနေဖြင့် အသင်းမှဘောလုံးသမားများ လောင်းကစားနေကြခြင်းကို သိရှိပါက အက်ဖ်အေထံအကြောင်းကြားရမည်ဖြစ်သော်လည်း ထိုသို့ပြုလုပ်ရမည်ကို မသိရှိခဲ့ကြောင်းရက်နပ်ကဝန်ခံသည်။ ရက်နပ်ကထိုသို့ပြောဆိုခဲ့သော်လည်း မည်သည့်အသင်းမှမည်သည့်ကစားသမားများက လောင်းကစားခဲ့ကြခြင်းဖြစ်သည်ကိုမူ အဆိုပါသတင်းစာက ထုတ်ဖော်ရေးသားခဲ့ခြင်းမရှိပေ။ ထိုသတင်းစာကပင် ကျူပီအာနည်းပြဟက်ဆယ်ဘိန့်သည်အာရှကုမ္ပဏီတစ်ခု၏အားကစား သံတမန်အဖြစ် ဆောင်ရွက်ရန် ပေါင်၅၅၀၀၀ရယူရေးညှိနှိုင်းမှုပြုခဲ့သည်ဟုဖော်ပြခဲ့ရာ ဟက်ဆယ်ဘိန့်က ငြင်းဆန်ခဲ့သည်။ ဆောက်သမ်တန်လက်ထောက်နည်းပြအဲရစ်ဘလက်မှာလည်းလာဘ်ယူခဲ့သည်ဟု စွပ်စွဲခံထားရသည်။ ထို့အတူ ဘန်စလေအသင်းမှ လက်ထောက်နည်းပြမှာ မလျော်ကန်စွာပြုမူခဲ့သည်ဟု သတင်းစာတွင်ဖော်ပြခံရပြီးနောက် အသင်းက၎င်းကိုရာထူးမှ ထုတ်ပယ်လိုက်သည်။

## နည်းပြဟောင်းအလာဒိုက်စ် ကာလရှည်ပွဲပယ်ခံရဖွယ်ရှိ

အင်္ဂလန်နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရသည့်ဆမ်အလာဒိုက်စ်သည် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုကို ခံနေရပြီး အဆိုပါစုံစမ်းမှုမှအဖြေထွက်လာပါက အက်ဖ်အေသည် ၎င်းကိုဘောလုံးလောကမှ ကာလရှည်ပွဲပယ်ပြစ်ဒဏ်ချမှတ်သွားဖွယ်ရှိသည်ဟုသိရှိရသည်။ အလာဒိုက်စ်သည် အင်္ဂလန်နည်းပြအဖြစ် ၁ပွဲသာကိုင်တွယ်ရသေးပြီး ၆၇ ရက်အကြာတွင် အက်ဖ်အေမှ ချမှတ်ထားသော အပြောင်းအရွှေ့စည်းမျဉ်းကို ချိုးဖျက်ရန် အားပေးအားမြှောက်မှုနှင့် ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ အက်ဖ်အေသည် ၁၉၇၇ခုနှစ်တွင် စာချုပ်သက်တမ်းရှိနေဆဲအချိန်၌ ယူအေအီးအသင်း၏ကမ်းလှမ်းမှုကိုလက်ခံခဲ့သည့် အင်္ဂလန်နည်းပြ ဒွန်ရီဗီကိုလည်း ၁၀ နှစ်ပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ဖူးသည်။



# ဂျာဂင်ကလော့၏အားပေးလှုံ့ဆော်မှုများကြောင့် အနိုင်ရခဲ့ သည်ဟု မီလ်နာပြောဆို

## လယ်လာနာနှင့်လိုဗရန်တို့ကမ္ဘာ့ဖလားခြေစစ်ပွဲများတွင်ကစားနိုင်မည်မဟုတ်



ဆွမ်ဆီးနှင့်ပွဲစဉ်ပထမပိုင်းအပြီး၌ နည်းပြဂျာဂင်ကလော့၏အားပေးလှုံ့ဆော်မှုများကြောင့်အနိုင်ရခဲ့ခြင်းဖြစ်သည်ဟုလီဗာပူးကွင်းလယ်လူ မီလ်နာက ထုတ်ဖော်ပြောဆိုသည်။ လေဘာတီကွင်းတွင်ယှဉ်ပြိုင်ခဲ့သော အဆိုပါပွဲစဉ်၌ ဆွမ်ဆီးက ၁-၀ဂိုးဖြင့် ဦးဆောင်နေခဲ့ပြီး ဒုတိယပိုင်းတွင်မှ လီဗာပူးအသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့ခြင်းဖြစ်သည်။ "ပထမပိုင်းအပြီးမှာဂျာဂင်ကလော့ဒေါသထွက်နေခဲ့ပါတယ်။ ကျွန်တော်တို့ခြေစွမ်းပြဖို့ လိုအပ်နေတယ်လို့သူကလှုံ့ဆော်ခဲ့တယ်"ဟု လီဗာပူးအတွက် အနိုင်ဂိုးသွင်းယူပေးခဲ့သည့် မီလ်နာက ပြောဆိုခဲ့သည်။ အဆိုပါပွဲစဉ်တွင် လီဗာပူးအသင်းမှ တောင်ပံကစားသမား လယ်လာနာဒဏ်ရာရရှိသွားခဲ့ပြီး လူစားလဲခြင်းခံခဲ့ရသည်။ သို့ဖြစ်ရာ လယ်လာနာမှာ အင်္ဂလန်အသင်း၏ ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များတွင် ပါဝင်ကစားနိုင်မည်မဟုတ် ဟု ဂျာဂင်ကလော့က အတည်ပြုပြောဆိုသည်။ လယ်လာနာသည် ဆွမ်ဆီးနှင့်ပွဲတွင် ပေါင်ခြံဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီးနောက်ခံလူလိုဗရန်သည်လည်း ဒဏ်ရာရရှိသွားခဲ့သည်။ သို့ဖြစ်ရာ လိုဗရန်သည်လည်း ခရိုအေးရှားအသင်းအတွက် ပါဝင်ကစားနိုင်မည် မဟုတ်တော့ပေ။

## SHORT **NEWS**

- လက်စတာတိုက်စစ်မှူးဗာဒီက နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင်အာဆင်နယ်သို့ ပေါင်သန်း (၂၀)ဖြင့်ပြောင်းရွှေ့ရန် အခွင့်အရေးအားငြင်းပယ်ခဲ့ခြင်းမှာ အာဆင်နယ်အသင်း၏ ကစားပုံကြောင့်ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသွားခဲ့သည်။
- နော့ဝှစ်ချ်ကို ၄-၃ဂိုးဖြင့် အနိုင်ရခဲ့သောပွဲတွင် အသင်းအတွက် ဟက်ထရစ်သွင်းယူပေးနိုင်ခဲ့သည့် ဒွိုက်ဂေးလီက အသင်းဖော် မီထရိုဗစ်၏အောင်ပွဲခံပုံမှာမိမိကိုသတ်နေသလိုပင်ဖြစ်သည်ဟု ကျီစယ်ပြောဆိုလိုက်သည်။
- မန်ယူနှင့် မန်စီးတီးတိုက်စစ်မှူးဟောင်းဖြစ်သည့် ဘိုကာဂျူနီယာတိုက်စစ်မှူးတီဗက်ဇ်သည် ယခုနှစ်ကုန်တွင် ကစားသမားဘဝမှ အနားယူနိုင်သည်ဟု ပြောကြားခဲ့သည်။

# ပရီးမီးယားလိဂ်ရဲ့ လေထဲက စွမ်းဆောင်ရည် အမြင့်ဆုံး ကစားသမားက ဘယ်သူလဲ



| ၂၀၁၂-၁၃ ဘောလုံးရာသီနောက်ပိုင်းပရီးမီးယားလိဂ်တွင်ခေါင်းတိုက်ဂိုးအများဆုံးသွင်းယူထားသူများ | | | | |
|---|---|---|---|---|
| ကစားသမားအမည် | ခေါင်းတိုက်ဂိုး | သွင်းဂိုး | ခေါင်းတိုက်ဂိုးရမှုရာနှုန်း | ဂိုးသွင်းနိုင်ရန်လိုအပ်သည့်ပွဲ |
| ဘန်တီကီ | ၁၉ | ၅၄ | ၃၂ ဒသမ ၅ (%) | ၆ ဒသမ ၅ |
| ဂီရော့ဒ် | ၁၉ | ၅၇ | ၃၃ ဒသမ ၃ (%) | ၇ ဒသမ ၃ |
| လူကာကူ | ၁၄ | ၆၅ | ၂၁ ဒသမ ၅ (%) | ၁၀ ဒသမ ၅ |
| အန်ဒီကာရိုးလ် | ၁၂ | ၂၃ | ၅၂ ဒသမ ၂ (%) | ၆ ဒသမ ၉ |
| အန်တိုနီယို | ၁၁ | ၁၃ | ၈၄ ဒသမ ၆ (%) | ၂ ဒသမ ၉ |
| ပီတာခရော့ချ် | ၁၀ | ၂၃ | ၄၃ ဒသမ ၅ (%) | ၁၁ ဒသမ ၄ |
| ရှိန်းလောင်း | ၁၀ | ၃၀ | ၃၃ ဒသမ ၃ (%) | ၁၃ |
| ဒီအော့ဒ် | ၈ | ၁၆ | ၅၀ (%) | ၈ ဒသမ ၁ |
| စတာရစ်ချ် | ၈ | ၄၄ | ၁၈ ဒသမ ၂ (%) | ၁၀ ဒသမ ၁ |
| စကော့ဒန်း | ၈ | ၁၀ | ၈၀ (%) | ၁၁ |
| ဟယ်ရီကိန်း | ၈ | ၅၁ | ၁၅ ဒသမ ၇ (%) | ၁၁ ဒသမ ၄ |
| ဖယ်လိုင်နီ | ၈ | ၁၈ | ၄၄ ဒသမ ၄ (%) | ၁၂ ဒသမ ၅ |
| ရွန်တယ်ရီ | ၈ | ၁၂ | ၆၆ ဒသမ ၇ (%) | ၁၄ ဒသမ ၃ |
| အဌရှိ | ၈ | ၈၄ | ၉ ဒသမ ၅ (%) | ၁၅ |
| မက်အော်လေး | ၈ | ၈ | ၁၀၀ | ၁၆ ဒသမ ၅ |

သောကြာနေ့က ယှဉ်ပြိုင်ကစားခဲ့တဲ့ အဲဗာတန်နဲ့ ခရစ္စတယ်ပဲလေ့စ်တို့ရဲ့ ပရီးမီးယားလိဂ်ပွဲစဉ်မှာ ခရစ္စတယ်ပဲလေ့စ်အတွက် ချေပဂိုးကို ဘယ်လ်ဂျီယံတိုက်စစ်မှူး ဘန်တီကီက ခေါင်းတိုက်သွင်းယူခဲ့ပါတယ်။ ဒါဟာ ဘန်တီကီအတွက် ပရီးမီးယားလိဂ်မှာ ပွဲထွက်ကစားခွင့်ရခဲ့တဲ့ ၂၀၁၂ ခုနှစ် စက်တင်ဘာလက စတင်ရေတွက်ရင် ၁၉ ဂိုးမြောက် ခေါင်းတိုက်သွင်းဂိုးဖြစ်ခဲ့ပါတယ်။ ၂၀၁၂- ၁၃ ရာသီက စတင်ရေတွက်ရင် ပရီးမီးယားလိဂ်ကစားသမားတွေအနက် ခေါင်းတိုက်ပြီး ဂိုးသွင်းယူမှုမှာ အက်စ်တွန်ဗီလာနဲ့ လီဗာပူးတိုက်စစ်မှူးဟောင်း ဘန်တီကီနဲ့အတူ အာဆင်နယ် တိုက်စစ်မှူး ဂီရော့ဒ်တို့က အများဆုံးဖြစ်နေတာ တွေ့ရပါတယ်။ သူတို့နှစ်ယောက်ဟာ ၂၀၁၂-၁၃ ရာသီ နောက်ပိုင်းမှာ ခေါင်းတိုက်ပြီး ၁၉ ဂိုးသွင်း ယူထားနိုင်တာခြင်းတူပေမယ့် ဂိုးသွင်းနိုင်မှုရာခိုင်နှုန်းမှာတော့ ဘန်တီကီက ဂီရော့ဒ်ထက် ပိုမိုသာလွန်နေခဲ့ပါတယ်။ ဘန်တီကီဟာ ပရီးမီးယားလိဂ်မှာ ၅၄ ဂိုးသွင်းယူထားတဲ့အနက် ၁၉ ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပြီး ၃၂ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်မားခဲ့တာဖြစ်ပါတယ်။

ခရစ္စတယ်ပဲလေ့စ်နဲ့ပွဲမှာ အဲဗာတန်အတွက် ဦးဆောင်ဂိုးကို ဖရီးကစ်ကနေ သွင်းယူခဲ့တဲ့ ဘယ်လ်ဂျီယံတိုက်စစ်မှူးတစ်ဦးပဲဖြစ်တဲ့ လူကာကူက ခေါင်းတိုက်ဂိုး ၁၄ ဂိုးသွင်းယူထားပြီး ပရီးမီးယားလိဂ်ရဲ့ ခေါင်းတိုက်သွင်းဂိုးအများဆုံးစာရင်းမှာ တတိယနေရာကို ရောက်ရှိနေပါတယ်။ ဂီရော့ဒ်ရဲ့ ခေါင်းတိုက်ဂိုးသွင်းယူမှုရာခိုင် နှုန်းက ၃၃ ဒသမ ၃ ဖြစ်ပြီး လူကာကူက ၂၁ ဒသမ ၅ ရာခိုင်နှုန်းသာရှိပါတယ်။ ဒါပေမဲ့ ဝက်စ်ဟမ်းအသင်းရဲ့ တိုက်စစ်မှူး အန်တိုနီယိုက ပရီးမီးယားလိဂ်မှာ ၁၃ ဂိုးသွင်းယူခဲ့တဲ့အနက် ၁၁ ဂိုးကို ခေါင်းတိုက်ရယူခဲ့တာ ဖြစ်တဲ့အတွက် ရာခိုင်နှုန်း ၈၄ ဒသမ ၆ နဲ့အတူ ခေါင်းတိုက်ဂိုးရရှိမှု ရာခိုင်နှုန်း အမြင့်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်နေပါတယ်။ သူဟာ ဒီရာသီမှာ ၅ ဂိုးသွင်းယူထားပြီး ဂိုးအားလုံးကို ခေါင်းတိုက် သွင်းယူထားတာပါ။ ဒါ့အပြင် အန်တိုနီယိုဟာ ၂၀၁၆ ခုနှစ်ထဲမှာ ခေါင်းတိုက်သွင်းဂိုး ၁၀ ဂိုးသွင်းယူထားပြီး ဘယ်က စားသမားမှ လိုက်မမီခဲ့ပါဘူး။ သူဟာခေါင်းတိုက်ဂိုး တစ်ဂိုးရဖို့ ပျမ်းမျှ ၂ ဒသမ ၉ ပွဲသာ လိုအပ်တာကြောင့် ဂိုးရမှုရာခိုင်နှုန်း အမြင့်ဆုံး တိုက်စစ်မှူး ဖြစ်နေပါတယ်။ အန်တိုနီယိုရဲ့ ဝက်စ်ဟမ်းအသင်းဖော် တိုက်စစ်မှူး အန်ဒီကာရိုးလ်ဟာ ပရီးမီးယားလိဂ်မှာ ၂၃ ဂိုးရရှိထားတဲ့အနက် ၁၂ ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့တာပါ။ ၂၀၁၂-၁၃ ရာသီကစတင်ရေတွက်ရင် စတုတ်စီးတီးရဲ့ ပီတာခရော့ချ်က သွင်းဂိုး ၂၃ ဂိုးမှာ ၁၀ ဂိုးကို ခေါင်းတိုက် သွင်းယူခဲ့ပါတယ်။ ဆောက်သမ်တန်တိုက်စစ်မှူးရှိန်းလောင်းက သွင်းဂိုး ၃၀ မှာ ခေါင်းတိုက်ဂိုး ၁၀ ဂိုးပိုင်ဆိုင်ထားပြီး သူတို့ရဲ့ လေထဲကစွမ်းရည်ကိုပြသနိုင်ခဲ့ကြပါတယ်။ မန်ယူရဲ့ဖယ်လိုင်နီ၊ ချဲလ်ဆီးရဲ့တယ်ရီ၊ ခရစ္စတယ်ပဲလေ့စ်ရဲ့စကော့ဒန်း၊ စပါးရဲ့ ဟယ်ရီကိန်းတို့ဟာ မြင့်မားတဲ့အရပ်အမောင်းတွေနဲ့ အညီ ခေါင်းတိုက်ဂိုးတွေများ ပြခဲ့တာ မထူးဆန်းပါဘူး။ ဒါပေမဲ့ အရပ် ၅ ပေ ၈ လက်မသာမြင့်တဲ့ မန်စီးတီး တိုက်စစ်မှူးအဂွရိုဟာ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လနောက်ပိုင်း ခေါင်းတိုက်ဂိုး ၈ ဂိုး သွင်းယူနိုင်ခဲ့တာက ချီးမွမ်းစရာပါပဲ။ ဒီရာသီမှာတော့ လက်စတာတိုက် စစ်မှူးသစ် ဆလီမာနီက ခေါင်းတိုက်ပြီး ၂ ဂိုးသွင်း ယူထားသလို ဝက်စ်ဘရွန်းရဲ့ရွန်ဒွန်ကလည်း ခေါင်းတိုက်ပြီး ၂ ဂိုးသွင်းယူထားပါတယ်။ မန်ယူ ကစားသမားတွေဖြစ်တဲ့ အီဘရာဟီမိုဗစ်ချ်နဲ့ ပေါ့ဘာတို့လည်း ခေါင်းတိုက်ပြီး ဂိုးတွေ သွင်းယူထားပါတယ်။

ဆိုရရင်တော့ ၂၀၁၂-၁၃ ရာသီ နောက်ပိုင်းမှာ ခေါင်းတိုက်သွင်းဂိုး အများ ဆုံးတိုက်စစ်မှူးနှစ်ဦးက ဘန်တီကီနဲ့ ဂီရော့ဒ်တို့ဖြစ်ပါတယ်။ ဒီအထဲမှာ ဘန်တီကီက ဂိုးရမှုရာခိုင်နှုန်း ပိုမြင့်မားတာကြောင့် လေထဲကစွမ်း ဆောင်ရည် အမြင့်ဆုံးလို့ ဆိုရမှာပါ။ ဒီရာသီမှာ ခေါင်းတိုက် သွင်းဂိုးအများဆုံးက ဝက်စ်ဟမ်းတိုက်စစ်မှူး အန်တိုနီယို ဖြစ်နေတယ်လို့ တင်ပြ ပေးလိုက်ပါတယ်။

# မန်ယူနည်းပြမော်ရင်ဟိုနှင့် အင်တာဗျူး INTERVIEW WITH JOSE MOURINHO



<u>မန်ယူအသင်းသည် အိမ်ကွင်းတွင် စတုတ်စီးတီးနှင့် ရင်ဆိုင်ခဲ့ရာ၌ တစ်ဂိုးစီသရေဖြင့်သာ ကျေနပ်ခဲ့ရသည်။ စတုတ်စီးတီးနှင့် ပွဲစဉ်အပြီးတွင် မန်ယူနည်းပြမော်ရင်ဟိုနှင့် တွေ့ဆုံပြုလုပ်ခဲ့သော အင်တာဗျူးကို ဖော်ပြပေးလိုက်ပါသည်။</u>

***မေး-ဒီပွဲက မန်ယူအသင်းရဲ့ ကစားပုံနဲ့ပတ်သက်ပြီး သုံးသပ်ပေးပါဦး။***

**ဖြေ**-ရှင်းရှင်းလေးပါပဲ။ ဒါကကျွန်တော်တို့အသင်းရဲ့ ဒီရာသီအကောင်းဆုံးစွမ်းဆောင်ရည်ဖြစ်ပါတယ်။ ပထမပိုင်းမှာတင် ၃ ဂိုး၊ ၄ ဂိုးလောက်ရထားသင့်ပါတယ်။ ပွဲအပြီးမှာ ၆ ဂိုး၊ ၇ ဂိုးလောက်နဲ့အနိုင်ရ ရမှာပါ။ တစ်ဂိုးစီသရေဆိုတဲ့ရလဒ်က မယုံနိုင်စရာပါပဲ။ တကယ်ကိုမမျှတတာပါ။ ကျွန်တော်ထပ်ပြောပါတယ်။ ဒီပွဲရဲ့ကစားပုံက လက်စတာနဲ့ပွဲမှာထက် အများကြီးပိုကောင်းခဲ့ပါတယ်။ ဒီနေ့ပွဲမှာကစားပုံနဲ့ ရလဒ်က ပြောင်းပြန်ဖြစ်ခဲ့ပါတယ်။

***မေး-မန်ယူအသင်းအခွင့်အရေးတွေ အများကြီးဆုံးရှုံးခဲ့ရတယ်လို့ထင်သလား။***

**ဖြေ**- ထင်ပါတယ်။ ပွဲအစမှာတင်ကျွန်တော်တို့အသင်း အပိုင်အခွင့်အရေးရခဲ့တယ်။ ပေါ့ဘာလည်း ဂိုးသမားနဲ့တစ်ယောက်ချင်းတွေ့ခဲ့တယ်။ ပထမပိုင်းမှာ အပိုင်အခွင့်အရေးသုံးလေးကြိမ်လောက်ရခဲ့တာပါ။ ဒုတိယပိုင်းမှာလည်း အလားတူပါပဲ။ ဂိုးတိုင်ထိတာလည်းရှိတယ်။ ကျွန်တော်တို့အသင်းရဲ့ ကစားပုံကောင်းမွန်ခဲ့တယ်။ ဘောလုံးကိုထိန်းချုပ်ထားနိုင်ခဲ့ပါတယ်။ အခွင့်အရေးတွေလည်း အများကြီး ဖန်တီးနိုင်ခဲ့ပါတယ်။ ဂိုးပြတ်အနိုင်ရနိုင်တဲ့ စွမ်းဆောင်ရည်ပါပဲ။ ဒါပေမဲ့အဆုံးသတ်မှာတော့ ကျွန်တော်တို့ ၂ မှတ်ဆုံးရှုံးခဲ့ရပါတယ်။

***မေး-စတုတ်စီးတီးဂိုးသမားဗရန့်နဲ့ပတ်သက်လို့ ဘယ်လိုပြောချင်ပါသလဲ။***

**ဖြေ**-သူကပွဲအစမှာတင် အံ့ဩလောက်စရာကာကွယ်မှုပြုလုပ်နိုင်ခဲ့တယ်။ တစ်ပွဲလုံးမှာလည်း အကောင်းဆုံးကာကွယ်မှုတွေ ပြုလုပ်နိုင်ခဲ့တာပါ။

***မေး-အခွင့်အရေးတွေအများကြီးရရှိခဲ့ပေမယ့်ဘာကြောင့်အနိုင်မရခဲ့တာလဲ။***

**ဖြေ**-ကျွန်တော်တို့အသင်းဟာ ဒုတိယဂိုးသွင်းယူနိုင်ဖို့ အခွင့်အရေးတွေရရှိခဲ့ပါ တယ်။ တကယ်လို့ဂိုးထပ်သွင်းယူနိုင်ခဲ့ရင် သူတို့ကိုဘောလုံးပြန်ပေးလိုက်ရမယ်။ ကျွန်တော်တို့က ခံစစ်ကို ဆင်းကစားပြီး လောင်းကစားဆန်ဆန် လုပ်ရတော့မယ်။ ဒါပေမဲ့ကျွန်တော်တို့ လောင်းကစားမလုပ်ခဲ့ပါဘူး။ ပွဲကို အပြတ်ဖြတ်ထားနိုင်ဖို့ပဲ ကြိုးစားခဲ့ပါတယ်။ နောက်ထပ်ဂိုးတွေ ရရှိသင့်တယ်လို့ကျွန်တော်ခံစားရပါတယ်။ သူတို့တွေအရမ်းကံကောင်းခဲ့ပါတယ်။

***မေး-နိုင်ငံတကာပွဲစဉ်တွေပြီးရင် လီဗာပူးနဲ့ ရင်ဆိုင်ရတော့မယ်။ အဲဒီပွဲအတွက် ဘယ်လိုပြင်ဆင်ထားမှာလဲ။***

**ဖြေ**-လီဗာပူးနဲ့ပွဲကစားဖို့ ၁၅ ရက်လိုပါသေးတယ်။ အချိန်အကြာကြီး ရပ်နားထားရမှာက စိတ်ပျက်စရာပါပဲ။ လေ့ကျင့်ခန်းဆင်းဖို့အတွက် ဘောလုံးသမားတွေကလည်း ရှိနေမှာ မဟုတ်ပါဘူး။

# အသင်းကြီးတွေအချင်းချင်း ထိပ်တိုက်တွေ့ကြဖို့

## ကမ္ဘာ့ဖလား အာရှဇုန်ခြေစစ်ပွဲ တတိယအဆင့် ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်




အာရှဇုန်ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲစဉ်တွေကို ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ အုပ်စု ၂ ခုမှာ ဉဇဘက်ကစ္စတန်၊ ဩစတြေးလျနဲ့ ဆော်ဒီအာရေဗျတို့ ၂ ပွဲဆက်နိုင်ပွဲရထားပါတယ်။ ပွဲစဉ် (၃)မှာ ဉဇဘက်နဲ့ အီရန်၊ ဆော်ဒီနဲ့ ဩစတြေးလျတို့ ထိပ်တိုက်တွေ့ဆုံတဲ့ပွဲစဉ်တွေက အကြိတ်အနယ်ရှိမှာဖြစ်သလို ပွဲစဉ်(၄)မှာ ဆုံတွေ့မယ့် ဩစတြေးလျ-ဂျပန်၊ အီရန်-ကိုရီးယား ပွဲစဉ်တွေလည်း စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



### အောက်တိုဘာလ (၆) ရက်နေ့တွင် ကစားမည့်ပွဲစဉ်များ

#### ဂျပန် VS အီရတ်

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | | |
|---|---|---|---|---|
| ၁၁-၆-၁၅ | ဂျပန် | ၄-၀ | အီရတ် |
| ၁၆-၁-၁၅ | အီရတ် | ၀-၁ | ဂျပန် |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဂျပန် | - | W | W | L | L | W |
| အီရတ် | - | L | L | D | L | L |

၁ ပွဲနိုင်၊ ၁ ပွဲရှုံးထားတဲ့ ဂျပန်အသင်းအတွက် အိမ်ကွင်းမှာ အီရတ်ကိုမဖြစ်မနေအနိုင်ရဖို့လိုပါတယ်။ ၂ ပွဲစလုံးရှုံးထားတဲ့အီရတ်ကတော့ ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်နည်းပါးနေပါတယ်။ ဂျပန် ဂိုးပြတ်အနိုင်ယူမှာပါ။

#### တောင်ကိုရီးယား VS ကာတာ

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၆-၃-၁၃ | တောင်ကိုရီးယား | ၂-၁ | ကာတာ |
| ၈-၆-၁၂ | ကာတာ | ၁-၄ | တောင်ကိုရီးယား |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| တောင်ကိုရီးယား | - | W | L | W | W | D |
| ကာတာ | - | W | W | W | L | L |

ဆီးရီးယားကို ပွဲစဉ်(၂)မှာ သရေကျခဲ့ရတဲ့အတွက် တောင်ကိုရီးယား ရမှတ် ၂ မှတ်နစ်နာခဲ့ပါတယ်။ ကာတာကတော့ ၂ပွဲဆက်ရှုံးနိမ့်ထားတာကြောင့် ခြေစစ်ပွဲအောင်ဖို့ အလှမ်းဝေးနေပါပြီ။ ကိုရီးယားအနိုင်သေချာပါတယ်။

#### တရုတ် VS ဆီးရီးယား

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၈-၁၀-၁၀ | တရုတ် | ၂-၁ | ဆီးရီးယား |
| ၆-၁-၁၀ | တရုတ် | ၀-၀ | ဆီးရီးယား |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| တရုတ် | - | W | W | L | L | D |
| ဆီးရီးယား | - | L | W | D | L | D |

၂ သင်းစလုံး ပွဲစဉ် ၂ ပွဲကစားပြီးချိန်အထိ နိုင်ပွဲမရသေးပါဘူး။ အသင်းလိုက်ကစားပုံကောင်းတဲ့ တရုတ်အသင်းဟာ ကိုရီးယား၊ အီရန်တို့နဲ့ပွဲစဉ်တွေမှာ ခြေစွမ်းကောင်းပြသထားပါတယ်။ ဆီးရီးယားကလည်း ကိုရီးယားကိုသရေကစားထားတာပါ။ တရုတ်အိမ်ကွင်းမှာ ကပ်နိုင်သွားပါလိမ့်မယ်။

#### ဉဇဘက်ကစ္စတန် VS အီရန်

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၁၁-၆-၁၅ | ဉဇဘက် | ၀-၁ | အီရန် |
| ၁၄-၁၁-၁၂ | အီရန် | ၀-၁ | ဉဇဘက် |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဉဇဘက်ကစ္စတန် | - | L | W | W | W | W |
| အီရန် | - | W | W | W | W | D |

ဆီးရီးယားနဲ့ ကာတာအသင်းတွေကို ၂ ပွဲဆက်နိုင်ပွဲရခဲ့တဲ့ ဉဇဘက်အသင်း ခြေစစ်ပွဲအောင်ဖို့မျှော်လင့်ချက်ရှိနေပါပြီ။ အီရန်ကလည်း တောင့်တင်းတဲ့အသင်းတစ်သင်းဖြစ်ပေမယ့် အဝေးကွင်းကစားပုံအားနည်းပါတယ်။ ဉဇဘက်အိမ်ကွင်းအားသာချက်ရှိပေမယ့် အီရန်အနိမ့်ဆုံးသရေရမှာပါ။

#### ယူအေအီး VS ထိုင်း

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၃-၁၀-၀၇ | ထိုင်း | ၁-၁ | ယူအေအီး |
| ၁၃-၁၀-၀၄ | ထိုင်း | ၃-၀ | ယူအေအီး |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ယူအေအီး | - | D | W | L | W | L |
| ထိုင်း | - | W | W | L | L | L |

ဂျပန်ကို ပွဲစဉ်(၁)မှာအနိုင်ရခဲ့တဲ့ ယူအေအီးဟာ ပွဲစဉ်(၂)မှာ ဩစတြေးလျကိုအရေးနိမ့်ထားပါတယ်။ ထိုင်းကတော့ ဆော်ဒီအာရေဗျနဲ့ ဂျပန်အသင်းတွေကို ၂ ပွဲဆက်ရှုံးနိမ့်ထားပေမယ့် ခံစစ်ကစားပုံကောင်းမွန်မှုကို ပြသနိုင်ခဲ့ပါတယ်။ ယူအေအီး ကပ်အနိုင်ရလဒ်ပဲရမှာပါ။

#### ဆော်ဒီအာရေဗျ VS ဩစတြေးလျ

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၉-၉-၁၄ | ဆော်ဒီ | ၂-၃ | ဩစတြေးလျ |
| ၂၉-၂-၁၂ | ဩစတြေးလျ | ၄-၂ | ဆော်ဒီ |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဆော်ဒီအာရေဗျ | - | W | D | W | W | W |
| ဩစတြေးလျ | - | L | W | L | W | W |

ရာနှုန်းပြည့်နိုင်ပွဲရထားတဲ့အသင်း ၂ သင်း ဆုံတွေ့ကြတာဖြစ်ပါတယ်။ နည်းပြဗန်မားဝစ်ရဲ့လက်ထက်မှာ ဆော်ဒီကစားပုံသိပ်မကောင်းပေမယ့် ရလဒ်တွေကောင်းနေပါတယ်။ ဩစီကတော့ တောင့်တင်းတဲ့လူစာရင်းရှိနေပါတယ်။ အဝေးကွင်းမှာ ဩစီအနိမ့်ဆုံးသရေပါပဲ။

### အောက်တိုဘာလ (၁၁) ရက်နေ့တွင် ကစားမည့်ပွဲစဉ်များ

#### ဩစတြေးလျ VS ဂျပန်

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၁၈-၁၁-၁၄ | ဂျပန် | ၂-၁ | ဩစတြေးလျ |
| ၂၅-၇-၁၃ | ဂျပန် | ၃-၂ | ဩစတြေးလျ |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဩစတြေးလျ | - | L | W | L | W | W |
| ဂျပန် | - | W | W | L | L | W |

ဆော်ဒီနဲ့ပွဲစဉ်မှာ ရလဒ်ကောင်းခဲ့ရင်ဩစတြေးလျ ခြေစစ်ပွဲအောင်မြင်ဖို့ အခြေအနေကောင်းသွားမှာပါ။ ထိပ်သီး ၂သင်းတွေ့ဆုံချိန်မှာ ဂျပန်အနေနဲ့ ရှုံးလို့မဖြစ်ပါဘူး။ ဂျပန်အနိမ့်ဆုံးသရေတစ်မှတ်ရနိုင်ပါတယ်။

#### အီရတ် VS ထိုင်း

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၄-၃-၁၆ | အီရတ် | ၂-၂ | ထိုင်း |
| ၈-၉-၁၅ | ထိုင်း | ၂-၂ | အီရတ် |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| အီရတ် | - | L | L | D | L | L |
| ထိုင်း | - | W | W | L | L | L |

ခြေစစ်ပွဲဒုတိယအဆင့်မှာ ဒီ ၂ သင်းတစ်အုပ်စုတည်းဆုံခဲ့ကြပြီး ၂ ကျော့စလုံးသရေကျခဲ့ပါတယ်။ အခုပွဲကို အီရတ်ကကြားကွင်းမှာယှဉ်ပြိုင်ရမှာဖြစ်လို့ အိမ်ရှင်အားသာချက်မရှိပါဘူး။ ဒန်ဒါသီရာသွန်တို့ရဲ့ ထိုင်းအသင်း သရေကစားဖို့မျှော်လင့်ချက်ရှိနေပါတယ်။

#### ဉဇဘက်ကစ္စတန် VS တရုတ်

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၁၄-၁-၁၅ | တရုတ် | ၂-၁ | ဉဇဘက် |
| ၆-၆-၁၃ | တရုတ် | ၁-၂ | ဉဇဘက် |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဉဇဘက်ကစ္စတန် | - | L | W | W | W | W |
| တရုတ် | - | W | W | L | L | D |

ဝါရင့်တိုက်စစ်မှူး ဂင်းနရစ်ခြေစွမ်းပြနေတဲ့ ဉဇဘက်အသင်းရဲ့အိမ်ကွင်းခြေစွမ်းက အလွန်ကောင်းပါတယ်။ တရုတ်အသင်းကတော့ တစ်ဦးချင်းကောင်းတဲ့ကစားသမားတွေမပါဝင်ဘဲ အသင်းလိုက်စုဖွဲ့ကစားတဲ့အသင်းပါ။ ဉဇဘက်အိမ်ကွင်းမှာအနိုင်နဲ့သရေပါပဲ။

#### အီရန် VS တောင်ကိုရီးယား

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၁၈-၁၁-၁၄ | အီရန် | ၁-၀ | တောင်ကိုရီးယား |
| ၁၈-၆-၁၃ | တောင်ကိုရီးယား | ၀-၁ | အီရန် |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| အီရန် | - | W | W | W | W | D |
| တောင်ကိုရီးယား | - | W | L | W | W | D |

ပြီးခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားမှာ ခြေစစ်ပွဲအောင်မြင်ခဲ့တဲ့ အာရှထိပ်သီး ၂ သင်းရဲ့အကြိတ်အနယ်ပွဲစဉ်ပါပဲ။ အီရန်က အိမ်ကွင်းမှာ ပရိသတ် ၈၀၀၀၀ နီးပါးလာရောက်အားပေးလေ့ရှိပါတယ်။ ဥရောပအခြေစိုက်ကစားသမားတွေပါဝင်တဲ့ တောင်ကိုရီးယား ရလဒ်ကောင်းဖို့ခက်ပါလိမ့်မယ်။

#### ကာတာ VS ဆီးရီးယား

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၁-၃-၀၉ | ဆီးရီးယား | ၁-၂ | ကာတာ |
| ၁၃-၁-၀၈ | ဆီးရီးယား | ၀-၀ | ကာတာ |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ကာတာ | - | W | W | W | L | L |
| ဆီးရီးယား | - | L | W | D | L | D |

၂၀၂၂ ကမ္ဘာ့ဖလားအိမ်ရှင်လုပ်ဖို့ ရွေးချယ်ခံထားရတဲ့ကာတာ ၂၀၁၈ ပြိုင်ပွဲမှာ ခြေစစ်ပွဲအောင်မြင်ဖို့မလွယ်ပါဘူး။ ဆီးရီးယားကလည်း ဖျက်မြင်းအသင်းသာဖြစ်ပြီး နောက်တစ်ဆင့်တက်ဖို့ ခက်ခဲပါလိမ့်မယ်။ အိမ်ကွင်းမှာ ကာတာရလဒ်ကောင်းအောင်ကစားသွားမှာပါ။

#### ဆော်ဒီအာရေဗျ VS ယူအေအီး

နောက်ဆုံးနှစ်ကြိမ်တွေ့ဆုံမှု

| | | | |
|---|---|---|---|
| ၂၉-၃-၁၆ | ယူအေအီး | ၁-၁ | ဆော်ဒီ |
| ၈-၁၀-၁၅ | ဆော်ဒီ | ၂-၁ | ယူအေအီး |

ကစားခဲ့သည့် နောက်ဆုံးငါးပွဲရလဒ်

| | | | | | | |
|---|---|---|---|---|---|---|
| ဆော်ဒီအာရေဗျ | - | W | D | W | W | W |
| ယူအေအီး | - | D | W | L | W | L |

ဒီ ၂ သင်းလည်း ဒုတိယအဆင့်ခြေစစ်ပွဲစဉ်တွေမှာ တစ်အုပ်စုတည်းကျရောက်ခဲ့ပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ် ၁၂ ပွဲအထိ ရှုံးပွဲမရှိတဲ့ဆော်ဒီအသင်းကို ယူအေအီးခက်ခက်ခဲခဲကစားရမှာဖြစ်ပြီး အနိုင်ရဖို့မလွယ်ဘဲ အမြင့်ဆုံးသရေသာရနိုင်ပါတယ်။

# ဆီနီဂေါ၊ ကင်မရွန်းနဲ့ ကွန်ဂိုတို့ကို ရွေးချယ်ထားရမယ်

## အာဖရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

**ဂါနာ Vs ယူဂန်ဒါ**

ထိပ်တိုက်တွေ့ဆုံမှု

ယူဂန်ဒါ ၁-၀ ဂါနာ

အာဖရိကနိုင်ငံများဖလားခြေစစ်ပွဲမှာ ခြေစွမ်းပြကစားနိုင်ခဲ့တဲ့ ဂါနာက နောက်ဆုံးခြေစမ်းပွဲမှာလည်း ရုရှားကိုကပ်သာရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမဲ့ နောက်ဆုံး ၃ ပွဲလုံး ရှုံးပွဲမရှိခဲ့တဲ့ ယူဂန်ဒါကို သရေသာကစားနိုင်မှာပါ။



**ကွန်ဂို Vs အီဂျစ်**

ထိပ်တိုက်တွေ့ဆုံမှု

အီဂျစ် ၃-၀ ကွန်ဂို

လက်ရှိအချိန်မှာ နှစ်သင်းစလုံးက ခြေစွမ်းကောင်းနေကြပါတယ်။ ဒါပေမဲ့ နောက်ဆုံးအိမ်ကွင်း ၅ ပွဲမှာ ၃ ပွဲ နိုင်ပြီး ကင်မရွန်းတစ်သင်းတည်းကိုသာရှုံးနိမ့်ထားတဲ့ ကွန်ဂိုရဲ့ အိမ်ကွင်းကစားအား မာကျောမှုရှိပါတယ်။ အီဂျစ်ရဲ့ ခြေစွမ်းမြည့်ပေမယ့် ကွန်ဂိုကိုပဲ ရွေးချယ်ထားမယ်။

**ဂါဘွန် Vs မော်ရိုကို**

ထိပ်တိုက်တွေ့ဆုံမှု

ဂါဘွန် ၀-၀ မော်ရိုကို

နောက်ဆုံးခြေစမ်းပွဲ ၅ ပွဲမှာ ဆူဒန်တစ်သင်းတည်းကိုသာအနိုင်ရထားတဲ့ ဂါဘွန်ရဲ့ လက်ရှိခြေစွမ်းအရ မော်ရိုကို,ကိုယှဉ်နိုင်ဖို့မရှိပါဘူး။ မော်ရိုကိုပဲရွေးချယ်မယ်။

**အိုင်ဗရီကို့စ် Vs မာလီ**

ထိပ်တိုက်တွေ့ဆုံမှု

မာလီ ၁-၀ အိုင်ဗရီကို့စ်

အိုင်ဗရီကို့စ်က ပြိုင်ပွဲစုံနောက်ဆုံး ၆ ပွဲဆက်ရှုံးပွဲမရှိခဲ့ပေမယ့် တိုက်စစ်ပိုင်းအားနည်းနေပါတယ်။ အာဖရိကဖလားမှာ ၄ ပွဲဆက်နိုင်ထားတဲ့ မာလီကိုရွေးချင်တယ်။

**ဆီနီဂေါ Vs ကိတ်ဗာဒီကျွန်းစု**

ထိပ်တိုက်တွေ့ဆုံမှု

ဆီနီဂေါ ၁-၀ ကိတ်ဗာဒီကျွန်းစု

အာဖရိကနိုင်ငံများဖလားမှာ ၆ ပွဲကစား၊ ၆ ပွဲလုံးအနိုင်ရထားပြီး အုပ်စုထိပ်ဆုံးက အမှတ်ပြတ်ဦးဆောင်နေတဲ့ ဆီနီဂေါရဲ့ခြေစွမ်းအကောင်းဆုံးဖြစ်နေတယ်။ ကိတ်ဗာဒီကို မေ့ထားရမယ်။

**တူနီးရှား Vs ဂင်နီယာ**

ထိပ်တိုက်တွေ့ဆုံမှု

တူနီးရှား ၂-၂ ဂင်နီယာ

ထိပ်တိုက်တွေ့ဆုံတိုင်း အကြိတ်အနယ်ရှိတတ်တဲ့ အသင်းတွေပါ။ တူနီးရှားရဲ့ခြေစွမ်းထက်နေတယ်ဆိုပေမယ့် ဂင်နီယာကိုနိုင်ရင်တောင် ကပ်နိုင်ဖို့သာရှိပါတယ်။

**ကွန်ဂို DR Vs လစ်ဗျား**

ထိပ်တိုက်တွေ့ဆုံမှု

လစ်ဗျား ၀-၀ ကွန်ဂို DR

ကွန်ဂိုက ခြေစမ်းပွဲတွေမှာရလဒ်မကောင်းခဲ့ပေမယ့် အာဖရိကနိုင်ငံများဖလားခြေစစ်ပွဲမှာတော့ ပြိုင်ဘက်တွေကို ဂိုးပြတ်တွေသွင်းယူထားတယ်။ ဒါပေမဲ့ ခံစစ်ပိုင်းလုံ ခြုံမှုရှိနေတဲ့ လစ်ဗျားကို သရေနဲ့ကျေနပ်ရမှာပါ။

**ဘာကီနာဖာဆို Vs တောင်အာဖရိက**

ထိပ်တိုက်တွေ့ဆုံမှု

တောင်အာဖရိက ၂-၀ ဘာကီနာဖာဆို

ထိပ်တိုက်တွေ့ဆုံမှုတွေမှာ အသာရလေ့ရှိသလို လက်ရှိခြေစွမ်းမှာလည်း နောက်ဆုံး ၁၁ ပွဲလုံးရှုံးပွဲမရှိကစားထားတဲ့ တောင်အာဖရိကပဲအသာရထားပါတယ်။ ဒါပေမဲ့ ဘာကီနာဖာဆိုကို ဂိုးပြတ်နိုင်ဖို့တော့ မလွယ်ပါဘူး။

**ဇမ်ဘီယာ Vs နိုင်ဂျီးရီးယား**

ထိပ်တိုက်တွေ့ဆုံမှု

ဇမ်ဘီယာ ၁-၁ နိုင်ဂျီးရီးယား

ခြေစမ်းပွဲတွေမှာ ရလဒ်မကောင်းခဲ့တဲ့ ဇမ်ဘီယာက အာဖရိကနိုင်ငံများဖလားခြေစစ်ပွဲမှာလည်း ကင်ညာကို သရေသာကစားနိုင်ခဲ့တယ်။ နိုင်ဂျီးရီးယားက ပုံမှန်ခြေစွမ်းပြန်ရနေပြီး ရလဒ်တွေကောင်းနေတယ်။ ဇမ်ဘီယာကိုငြင်းမယ်။

**အယ်ဂျီးရီးယား Vs ကင်မရွန်း**

ထိပ်တိုက်တွေ့ဆုံမှု

ကင်မရွန်း ၁-၁ အယ်ဂျီးရီးယား

တိုက်စစ်အစွမ်းပြကစားနေတဲ့ အသင်းတွေဖြစ်လို့ ပြိုင်ဆိုင်မှုပြင်းထန်လာဖို့ရှိနေတယ်။ ထိပ်တိုက်တွေ့ဆုံမှုတွေမှာအသာရလေ့ရှိပြီး အနိမ့်ဆုံးသရေကစားမယ့် ကင်မရွန်းကို ရွေးချယ်ထားချင်ပါတယ်။

# အုပ်စုထိပ်ဆုံးနေရာဆက်လက်ရယူမယ့် ဥရုဂွေးကို ရွေးချယ်မယ်

## တောင်အမေရိကဇုန်ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့်ပွဲစဉ်များ ပွဲကြိုသုံးသပ်ချက်

**အီကွေဒေါ Vs ချီလီ**

ထိပ်တိုက်တွေ့ဆုံမှု

ချီလီ ၂-၀ အီကွေဒေါ

နောက်ဆုံး ၅ပွဲ နိုင်/ရှုံး

| | | | | | | |
|---|---|---|---|---|---|---|
| အီကွေဒေါ | - | D | W | L | L | L |
| ချီလီ | - | W | W | W | L | D |

အီကွေဒေါဟာ နောက်ဆုံး ခြေစစ်ပွဲ ၄ ပွဲဆက်တိုက် ရလဒ်ဆိုးရွားနေလို့ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ ရုန်းကန်ရတော့မှာပါ။ ပါရာဂွေးကိုရှုံးပြီး ဘိုလီဗီးယားကိုသရေသာကစားနိုင်ခဲ့တဲ့ ချီလီရဲ့ ခြေစွမ်းကျဆင်းနေတယ်။ ဒါပေမဲ့ အနိမ့်ဆုံးသရေကစားမယ့် ချီလီပဲ ရွေးချယ်မယ်။



**ပီရူး Vs အာဂျင်တီးနား**

ထိပ်တိုက်တွေ့ဆုံမှု

အာဂျင်တီးနား ၃-၁ ပီရူး

နောက်ဆုံး ၅ပွဲ နိုင်/ရှုံး

| | | | | | | |
|---|---|---|---|---|---|---|
| ပီရူး | - | D | W | L | L | W |
| အာဂျင်တီးနား | - | W | W | L | W | D |

၈ ပွဲကစားပြီးချိန်မှာ ၇ မှတ်သာရရှိထားသေးတဲ့ ပီရူးဟာ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်နည်းသွားပါပြီ။ အခုယှဉ်ပြိုင်ရမယ့်အသင်းကလည်း ထိပ်တန်းအဆင့်ကစားသမားတွေပါဝင်နေတဲ့ အာဂျင်တီးနားအသင်းဖြစ်လို့ အိမ်ရှင်အသင်းဂိုးပြတ်မရှုံးဖို့ဘဲဂရုစိုက်ကစားရမှာပါ။

**ဥရုဂွေး Vs ဗင်နီဇွဲလား**

ထိပ်တိုက်တွေ့ဆုံမှု

ဥရုဂွေး ၀-၁ ဗင်နီဇွဲလား

နောက်ဆုံး ၅ပွဲ နိုင်/ရှုံး

| | | | | | | |
|---|---|---|---|---|---|---|
| ဥရုဂွေး | - | L | L | W | L | W |
| ဗင်နီဇွဲလား | - | W | D | L | L | D |

နောက်ဆုံးအိမ်ကွင်းပွဲစဉ်တွေမှာ ဂျမေကာနဲ့ ပါရာဂွေးတို့ကို ဂိုးပြတ်နိုင်ထားတဲ့ ဥရုဂွေးရဲ့ အိမ်ကွင်းစွမ်းဆောင်ရည်မြင့်မားနေတယ်။ ဇယားအောက်ဆုံးက ဗင်နီဇွဲလားအနေနဲ့ မျှော်လင့်ချက်မရှိတော့တာကြောင့်ဒီပွဲမှာလည်းဂိုးပြတ်ရှုံးဖို့များတယ်။

**ပါရာဂွေး Vs ကိုလံဘီယာ**

ထိပ်တိုက်တွေ့ဆုံမှု

ကိုလံဘီယာ ၂-၁ ပါရာဂွေး

နောက်ဆုံး ၅ပွဲ နိုင်/ရှုံး

| | | | | | | |
|---|---|---|---|---|---|---|
| ပါရာဂွေး | - | D | L | L | W | L |
| ကိုလံဘီယာ | - | W | L | W | W | L |

ပါရာဂွေးက ဒီပွဲမှာသာအမှတ်ပြည့်ရရင် ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်ရှိနေသလို နောက်ဆုံးပွဲမှာ ဘရာဇီးကိုရှုံးနိမ့်ထားတဲ့ ကိုလံဘီယာကလည်း နိုင်ပွဲပြန်ရှာမှာပါ။ ထိပ်တိုက်တွေ့ဆုံတိုင်း အသာရလေ့ရှိတဲ့ ကိုလံဘီယာကို ရွေးလိုပါတယ်။

**ဘရာဇီး Vs ဘိုလီဗီးယား**

ထိပ်တိုက်တွေ့ဆုံမှု

ဘိုလီဗီးယား ၀-၄ ဘရာဇီး

နောက်ဆုံး ၅ပွဲ နိုင်/ရှုံး

| | | | | | | |
|---|---|---|---|---|---|---|
| ဘရာဇီး | - | D | W | L | W | W |
| ဘိုလီဗီးယား | - | L | L | L | W | D |

နောက်ဆုံး ၅ ပွဲမှာ ၃ ပွဲနိုင်၊ ၁ ပွဲသရေကစားထားတဲ့ ဘရာဇီးအသင်းခြေစွမ်းမှန်ပြန်ရနေတယ်။ ဒါပေမဲ့ ပီရူးကိုနိုင်ပြီး ချီလီကိုသရေကစားထားတဲ့ ဘိုလီဗီးယားရဲ့ခြေစွမ်းမညံ့ပါဘူး။ နိုင်ရင်တောင် ကပ်သာနိုင်ရမယ့် ဘရာဇီးကို မေ့ထားမယ်။

**ပွဲစဉ်(၈)အပြီး ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ဂိုးသွင်း | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|---|
| ၁။ | ဥရုဂွေး | ၈ | ၅ | ၁ | ၂ | ၁၆ | ၅ | ၁၆ |
| ၂။ | ဘရာဇီး | ၈ | ၄ | ၃ | ၁ | ၁၆ | ၉ | ၁၅ |
| ၃။ | အာဂျင်တီးနား | ၈ | ၄ | ၃ | ၁ | ၉ | ၆ | ၁၅ |
| ၄။ | ကိုလံဘီယာ | ၈ | ၄ | ၁ | ၃ | ၁၂ | ၁၀ | ၁၃ |
| ၅။ | အီကွေဒေါ | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၂ | ၁၃ |
| ၆။ | ပါရာဂွေး | ၈ | ၃ | ၃ | ၂ | ၉ | ၁၁ | ၁၂ |
| ၇။ | ချီလီ | ၈ | ၃ | ၂ | ၃ | ၁၃ | ၁၂ | ၁၁ |
| ၈။ | ဘိုလီဗီးယား | ၈ | ၂ | ၁ | ၅ | ၉ | ၁၃ | ၇ |
| ၉။ | ပီရူး | ၈ | ၂ | ၁ | ၅ | ၈ | ၁၅ | ၇ |
| ၁၀။ | ဗင်နီဇွဲလား | ၈ | ၀ | ၂ | ၆ | ၉ | ၂၁ | ၂ |

# ကမ္ဘာ့ဖလားခြေစစ်ပွဲဝင် အသင်းကြီးများ၏လူစာရင်းများ

## အင်္ဂလန်

**ဂိုး** - ဂျိုးဟတ်(တိုရီနို)၊ ဖော်စတာ(ဆောက်သမ်တန်)၊ ဟီတန်(ဘန်လေ)။

**နောက်တန်း** - ဝေါ်ကာ၊ ဒန်နီရိုစ်(စပါး)၊ ဂျာဂီရယ်ကာ(အဲဗာတန်)၊ ကာဟေးလ်(ချဲလ်ဆီး)၊ စမောလင်း(မန်ယူ)၊ ဘာထရန်(ဆောက်သမ်တန်) ဂျွန်စတုန်း(မန်စီးတီး)၊ ဂလင်းဂျွန်ဆင်(စတုတ်)။

**အလယ်တန်း** - စတားလင်း(မန်စီးတီး)၊ ဟန်ဒါဆင်(လီဗာပူး)၊ ရွန်နီ၊ လင်ဂတ်(မန်ယူ)၊ ဒိုင်ယာ၊ အယ်လီ(စပါး)၊ အန်တိုနီယို(ဝက်စ်ဟမ်း)၊ ဝဲလ်ကော့၊ ချိန်ဘာလိန်(အာဆင်နယ်)။

**ရှေ့တန်း** - ရက်ရှ်ဖို့ဒ်(မန်ယူ)၊ ဗာဒီ(လက်စတာ)၊ စတားရစ်ချ်(လီဗာပူး)။

## ပြင်သစ်

**ဂိုး** - မန်ဒန်ဒါ(ပဲလေ့စ်)၊ အာရီယိုလာ(ပီအက်စ်ဂျီ)၊ လိုရစ်(စပါး)။

**နောက်တန်း** - ကိုစီယယ်နီ(အာဆင်နယ်)၊ ဗာရာနီ(ရီးရဲလ်မက်ဒရစ်)၊ ဒစ်ဂနီ(ဘာစီလိုနာ)၊ ကာဇာဝါ(ပီအက်စ်ဂျီ)၊ ဆစ်ဒီဘီ(မိုနာကို)၊ မန်ဂါလာ(ဗလင်စီယာ)၊ လာပေါ်တီ(ဘီဘာအို)။

**အလယ်တန်း** - မာတွီဒီ(ပီအက်စ်ဂျီ)၊ ဆစ်ဆိုကို(နယူးကာဆယ်)၊ ပေါ့ဘာ(မန်ယူ)၊ ပါယက်(ဝက်စ်ဟမ်း)၊ ကန်တီ(ချဲလ်ဆီး)၊ ကာဘာယီ(ပဲလေ့စ်)။

**ရှေ့တန်း** - ဂရိဇ်မန်း၊ ဂါမီရို(အက်သလက်တီကို)၊ ဂျီးနက်(UANL)၊ မာရှယ်(မန်ယူ)၊ ကိုးမန်း(ဘိုင်ယန်)၊ ဖီကီယာ(လိုင်ယွန်)။

## ပေါ်တူဂီ

**ဂိုး** - ပက်ထရီစီယို(စပို့တင်း)၊ လိုပက်စ်(လိုင်ယွန်)၊ မာရာဖိုနာ(ဘရာဂါ)။

**နောက်တန်း** - အဲလ်ဗက်(ကက်ဂလီယာရီ)၊ ပီပီ(ရီးရဲလ်)၊ ဖွန်တီ၊ စီးဒရစ်(ဆောက်သမ်တန်)၊ ဂွါရဲရိုး(ဒေါ့မွန်)၊ အန်တူနက်စ်(ဒိုင်နမိုကီဗ်) ကန်ဆယ်လို(ဗလင်စီယာ)။

**အလယ်တန်း** - ဘာနာဒိုဆေးလ်ဗား၊ မော်တင်ဟို(မိုနာကို)၊ ဂျောင်မာရီယို(အင်တာမီလန်)၊ ပါရဲရား(ပေါ်တို)၊ ပီလျံကာဗယ်ဟို၊ အင်ဒရီဂိုမက်စ်(ဘာစီလိုနာ)၊ ရီနာတိုဆန်းချက်(ဘိုင်ယန်)။

**ရှေ့တန်း** - ရော်နယ်ဒို(ရီးရဲလ်)၊ အီဒါ(လိုင်လီ)၊ အင်ဒရီဆေးလ်ဗား(ပေါ်တို)၊ နာနီ(ဗလင်စီယာ)၊ ဂျယ်ဆင်မာတင်(စပို့တင်း)၊ ကွာရက်စမာ (ဘီဆစ်တပ်)။

## နယ်သာလန်

**ဂိုး** - စတီကီလင်ဘတ်(အဲဗာတန်)၊ ဆီလက်ဆင်(ဘာစီလိုနာ)၊ ဇိုးအက်(ပီအက်စ်ဗွီ)။

**နောက်တန်း** - ဘလင်း(မန်ယူ)၊ ဗီလန် (ပီအက်စ်ဗွီ)၊ ဘရူးမား(ဝုဖ်ဘတ်)၊ ဗဲ့တ်မန်း(အေဗျက်)၊ ဗန်ဒိုက်(ဆောက်သမ်တန်)၊ ကွန်ဂိုလို၊ ကားစ်ဒေါ့(ဖီယင်နူ)။

**အလယ်တန်း** - ရှနိုက်ဒါ(ဂါလာတာစာရေး)၊ ဝိုင်နယ်ဒန်(လီဗာပူး)၊ စထရွတ်မန်း(ရိုးမား)၊ ကလက်ဆင်(အေဗျက်)၊ ပရော့ပါ(ပီအက်စ်ဗွီ)၊ ကလာဆီ(ဆောက်သမ်တန်)။

**ရှေ့တန်း** - နာဆင်း၊ ဒီဂျောင်(ပီအက်စ်ဗွီ)၊ ပရိုမက်စ်(စပါးတပ်)၊ ဘတ်ဒွိုစ်(စပို့တင်း)၊ ဂျန်ဆင်(စပါး)၊ ဘာဂူအစ်(ဖီယင်နူ)။



## ဂျာမနီ

**ဂိုး** - နျူအာ(ဘိုင်ယန်)၊ လီနို(လေဗာကူဆင်)၊ တာစတီဂန်(ဘာစီလိုနာ)။

**နောက်တန်း** - မူစတာဖီ(ဗလင်စီယာ)၊ ဟက်တာ(ကိုလုံး)၊ ဟိုဝီဒက်(ရှော်လ်ကေး)၊ ဟမ်းမဲလ်၊ ကင်းမစ်၊ ဘိုတန်း(ဘိုင်ယန်)၊ ရူဒီ(ဟော့ဖန်ဟိမ်း)။

**အလယ်တန်း** - ခီဒီယာ(ဂျူဗင်တပ်)၊ တိုနီခရူးစ်(ရီးရဲလ်)၊ ရှာရယ်၊ ဝီဂယ်(ဒေါ့မွန်)၊ အိုဇေးလ်(အာဆင်နယ်)၊ ဒရက်ဇလာ(ဝုဖ်ဘတ်)၊ မေယာ(ရှော်လ်ကေး)၊ ဘရန့်(လေဗာကူဆင်)၊ ဂန်ဒိုဂန်(မန်စီးတီး)။

**ရှေ့တန်း** - မူလာ(ဘိုင်ယန်)၊ ဂေါ့ဇီ(ဒေါ့မွန်)၊ ဗော်လန်(လေဗာကူဆင်)၊ ဂိုမက်စ်(ဝုဖ်ဘတ်)။

## စပိန်

**ဂိုး** - ဒီဂီယာ (မန်ယူ)၊ ရိန်နာ(နာပိုလီ)၊ ရီကို(ဆီဗီလာ)။

**နောက်တန်း** - ရာမို့စ်၊ ကာဗာဂျယ်၊ နာချို(ရီးရဲလ်)၊ ပီကေး၊ အယ်ဘာ၊ ဆာဂျီရော်ဘတ်တို(ဘာစီလိုနာ)၊ မာတီနက်(ဘိုင်ယန်)။

**အလယ်တန်း** - ဒေးဗစ်ဆေးလ်ဗား(မန်စီးတီး)၊ အင်နီယက်စတာ၊ ဘက်စကွက်(ဘာစီလိုနာ)၊ သီယာဂို(ဘိုင်ယန်)၊ ဆာအူးနီဂွက်၊ ကိုကီ(အက်သလက်တီကို)၊ အစ္စကို(ရီးရဲလ်)။

**ရှေ့တန်း** - နိုလီတို(မန်စီးတီး)၊ မိုရာတာ၊ ဗက်စကွက်(ရီးရဲလ်)၊ ဒီယေဂိုကော်စတာ(ချဲလ်ဆီး)၊ ဗီတိုလို(ဆီဗီလာ)၊ ကယ်လီဂျွန်(နာပိုလီ)။

## ဘယ်လ်ဂျီယံ

**ဂိုး** - ကော်တွိုက်(ချဲလ်ဆီး)၊ မစ်နိုလက်(လီဗာပူး)၊ မက်ဆဲလ်(နယူးကာဆယ်)။

**နောက်တန်း** - ဗာတွန်ဂန်၊ အယ်ဒါဝီရယ်(စပါး)၊ လွန်းဘတ်(ဇင်းနစ်)၊ မူနီယာ(ပီအက်စ်ဂျီ)၊ ဂျော်ဒန်လူကာကူ(လာဇီယို)၊ ကာဘာဆီလီ(ဝက်ဖို့ဒ်)၊ ဆီမန်(မွန်ထရီယယ်)။

**အလယ်တန်း** - ချက်ဒလီ(ဝက်စ်ဘရွန်း)၊ ဝစ်ဆဲလ်(ဇင်းနစ်)၊ ဖယ်လိုင်နီ(မန်ယူ)၊ ဒမ်ဘီလီ(စပါး)၊ ဒီဖော(ဘန်လေ)၊ နိုင်ဂိုလန်(ရိုးမား)၊ ဘော်ဂန်ဟာဇက်(ဂလက်ဘတ်)။

**ရှေ့တန်း** - အီဒင်ဟာဇက်(ချဲလ်ဆီး)၊ မီရာလက်စ်(အဲဗာတန်)၊ မာတန်းစ်(နာပိုလီ)၊ လူကာကူ(အဲဗာတန်)၊ ဒီဘရိုင်နီ(မန်စီးတီး)၊ ဘန်တီကီ(ပဲလေ့စ်)၊ အိုရီဂီ(လီဗာပူး)၊ ကာရက်စကို(အက်သလက်တီကို)၊ ဘက်ရှွာယီ(ချဲလ်ဆီး)။

## အီတလီ

**ဂိုး** - ဘူဖွန်(ဂျူဗင်တပ်)၊ ပါရင်(ဂျိနိုအာ)၊ ဒွန်နာရမ်မာ(အေစီမီလန်)၊

**နောက်တန်း** - ချီရယ်လီနီ၊ ဘိုနူချီ၊ ဘာဇာဂလီ၊ (ဂျူဗင်တပ်)၊ ဒီဆီဂလီယို၊ ရိုမက်နိုလီ (အေစီမီလန်)၊ အော့ဘွန်နာ(ဝက်စ်ဟမ်း)၊ အက်စ်တိုရီ(ဖီအိုရင်တီးနား)၊ ဒါမီယန်(မန်ယူ)၊ ခရစ်စီတို(ဇင်းနစ်)။

**အလယ်တန်း** - ဒီရော့စီ၊ ဖလော်ရင်ဇီ(ရိုးမား)၊ မွန်တိုလီဗို၊ ဘိုနာဗန်ကျူရာ(အေစီမီလန်)၊ ကန်ဒရီဗာ(အင်တာမီလန်)၊ ပါရိုလို(လာဇီယို)၊ ဗာရက်တီ(ပီအက်စ်ဂျီ)၊ ဘာနာဒက်ချီ(ဖီအိုရင်တီးနား)။

**ရှေ့တန်း** - ပယ်လီ(ရှန်ဒေါင်း)၊ အင်မိုဘိုင်း(လာဇီယို)၊ အီဒါ(အင်တာမီလန်)၊ ဂက်ဘီယာဒီနီ(နာပိုလီ)၊ ဘယ်လော့တီ(တိုရီနို)၊ ဆန်ဆိုနီ(ဗီလာရီးရဲလ်)။

## ဘရာဇီး

**ဂိုး** - အဲလစ်ဆင်(ရိုးမား)၊ မူရယ်ဟာ(ဖလာမင်ဂို)၊ ဝီဗာတန်(ပါရာနန်စီ)။

**နောက်တန်း** - ဒန်နီအဲလ်ဗက်(ဂျူဗင်တပ်)၊ မီရန်ဒါ(အင်တာမီလန်)၊ ဖီးလစ်လူးဝစ္စ (အက်သလက်တီကို)၊ သီယာဂိုဆေးလ်ဗား၊ မာကွင်ဟို (ပီအက်စ်ဂျီ)၊ ဂျီးလ်(ရှန်ဒေါင်း)၊ ဖက်ဂနာ (ကိုရင်သီယန်)၊ ဝမ်ဒဲလ်(လေဗာကူဆင်)။

**အလယ်တန်း** - ဝီလျံ၊ အော်စကာ(ချဲလ်ဆီး)၊ ပေါ်လင်ဟို(ကွမ်ကျိုး)၊ ဖာနန်ဒင်ဟို(မန်စီးတီး)၊ ကော်တင်ဟို(လီဗာပူး)၊ လီမာ(ဆန်းတို့စ်)၊ အော်ဂက်စတို(ဘေဂျင်းဂူအန်)၊ ဂူလီယာနို(ဇင်းနစ်)၊ ကာရီယိုကာ(မင်နဲရိုး)။

**ရှေ့တန်း** - နေမာ(ဘာစီလိုနာ)၊ ဖာမီနို(လီဗာပူး)၊ ဂျီးဆပ်(ပါးမီးယက်)၊ တိုင်ဆန်(ရှက်တာဒိုးနက်)။

## ချီလီ

**ဂိုး** - ဘရာဗို(မန်စီးတီး)၊ တိုဆယ်လီ(ယူနီဗာစီဒက်)၊ ဟာရဲရား(ဒီချီလီ)။

**နောက်တန်း** - ဂျာရာ(ဒီချီလီ) မီဒယ်(အင်တာမီလန်)၊ အစ္စလာ(ကက်ဂလီယာရီ)၊ မီနာ(ဆော်ပေါ်လို)၊ ရိုကို(ခရစ်အဇူ)၊ အယ်လ်ဘိုနော့(ဟန်နိုဗာ)၊ ဒီယားဇ်(ဆန်လော်ရင်ဇို)၊ လစ်နော့စကီး(ဗယ်လာဒိုလစ်)၊ အိုပါဇို(ဆန်တီယာဂို)။

**အလယ်တန်း** - ဘော်စီဂျာ(ယူနီဗာစီဒက်)၊ ဗီဒယ်(ဘိုင်ယန်)၊ အရန်ဂွစ်(လေဗာကူဆင်)၊ မီလာ(မိုရီလီယာ)၊ ဂူတီယာရက်(ဘက်တစ်)၊ ဟာနန်ဒက်(ဆယ်တာဗီဂို)၊ ပူလ်ဂါ(ဘိုလော့နာ)၊ ဗယ်ဒီဗီယာ(အယ်ဝါဒါ)၊ မာဆယ်လိုဒီယာ့ဇ်(ဆယ်တာ)၊ ဗလင်စီယာ(ပါလက်စတီနို)။

**ရှေ့တန်း** - ဆန်းချက်ဇ်(အာဆင်နယ်)၊ ဗားဂက်စ်(ဟော့ဖန်ဟိမ်း)၊ ဖာနန်ဒက်(ဒိုင်နမိုဇာဂရက်)၊ ပူချ်(နီကာဆာ)၊ ကက်စတီလို(ယူနီဗာစီဒက်)။

## ဥရုဂွေး

**ဂိုး** - မူစလီရာ (ဂါလာတာစာရေး)၊ ဂူရူဆီဂါ (ပီနာရိုး)၊ ကန်ပါနာ(အင်ဒီပန်းဒီယန့်)။

**နောက်တန်း** - ဖူစီလီ(နာဆီယွန်နယ်)၊ ဂိုဒင်(အက်သလက်တီကို)၊ ပါရဲရား(ဆာရိုပေါ်တီနို)၊ ကုတ်တက်(စပို့တင်း)၊ ကော်ရှုဂျို(ဆန်လော်ရင်ဇို)၊ ဂက်စတန်ဆေးလ်ဗား(ဂရန်နာဒါ)၊ ရစ်ကာ (မာလာဂါ)၊

**အလယ်တန်း** - စီရိုဒရီဂွက်(အင်ဒီပန်းဒီးယန့်)၊ ရီးယော့(ချီယာပက်)၊ လိုဒီယို(ဆောင်းနား)၊ ရာမီရက်(မစ်ဒယ်ဘရော့)၊ ကားလို့စ်ဆန်းချက်(မွန်တာရေး)၊ ဗွီစီနို(ဖီအိုရင်တီးနား)၊ လာဆက်(ဂျီနိုအာ)၊ အာရက်ဆေတာ(ခရူဇေးရိုး)။

**ရှေ့တန်း** - ဆွာရက်ဇ်(ဘာစီလိုနာ)၊ ကာဗာနီ(ပီအက်စ်ဂျီ)၊ စတူအာနီ(မစ်ဒယ်ဘရော့)၊ ဟာနန်ဒက်(ဟူးလ်စီးတီး)၊ ရိုလန်(ဘော်ဒိုး)။

## အာဂျင်တီးနား

**ဂိုး** - ရိုမီရို(မန်ယူ)၊ ဂုစ်မန်း(UANL)၊ အန်ဒူဂျာ(အက်စ်တူဒီယန်းတက်)။

**နောက်တန်း** - ဇာဘာလက်တာ၊ အော်တာမန်ဒီ(မန်စီးတီး)၊ ဒီမစ်ချဲလစ်(အက်စ်ပန်ညို)၊ ရိုဂျို(မန်ယူ)၊ မိုရီ(အဲဗာတန်)၊ ရွန်ကက်ဂလီယာ(ဆဲလ်တာဗီဂို)၊ မာကာဒို(ဆီဗီလာ)၊ မက်စ်(ဆန်လော်ရင်ဇို)၊ မူဆာချီယို(ဗီလာရီးရဲလ်)။

**အလယ်တန်း** - မာရှေယာနို(ဘာစီလိုနာ)၊ ဒီမာရီယာ(ပီအက်စ်ဂျီ)၊ ဘာနီဂါ(အင်တာမီလန်)၊ လာမယ်လာ(စပါး)၊ ဂိုက်တန်(အက်သလက်တီကို)၊ ခရန်နီဗစ်တာ(ဆီဗီလာ)၊ ပစ်ဇာရို(UANL)။

**ရှေ့တန်း** - အဂူရို (မန်စီးတီး)၊ ကော်ရီယာ (အက်သလက်တီကို)၊ ဒိုင်ဘာလာ၊ ဟီဂူအင်(ဂျူဗင်တပ်)၊ အလာရီယို(ရေဗားပလိတ်)၊ ပရက်တို(မင်နဲရိုး)။



# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်



၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၂၉ရက်၊ နံနက်ပိုင်းတွင် သန်လျင်တပ်နယ်ခန်းမ၌ ပြုလုပ်ရာ တပ်မတော်ရေမှ အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ဦးစွာ ကာကွယ်ရေးဦးစီးချုပ် (ရေ) ကိုယ်စား ဗိုလ်ချုပ်မြင့်ဦးက အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဆုရရှိသော အသင်းအား ဗိုလ်ချုပ်မြင့်ဦးက လည်ကောင်း ဆုများအသီးသီး ပေးအပ်ကြသည်။ အဆိုပါ ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင် အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၂၀ ရက်မှ ၂၉ အထိ ကျင်းပခဲ့ခြင်းဖြစ်သည်။

■

# ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကျင်းပ



၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ)တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို အောက်တိုဘာ ၁ ရက်နံနက်ပိုင်းတွင် မိတ္ထီလာမြို့ မြေပြင်အတတ်သင် လေတပ်စခန်းရှိ အားကစားကွင်း၌ ပြုလုပ်ရာ ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ထွန်းအောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။ ဆုပေးပွဲတွင် ဒိုင်းဆုရရှိသော အသင်းအား ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား ဗိုလ်မှူးချုပ် ထွန်းအောင်ကလည်းကောင်း၊ တစ်ဦးချင်းဆုရရှိသူများနှင့် အသင်းလိုက် ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း ဆုများ အသီးသီး ပေးအပ်ကြသည်။ အဆိုပါ ကာကွယ်ရေးဦးစီးချုပ် (လေ) တံခွန်စိုက်ဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၉ သင်းဖြင့် စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။

# အာရှတံခွန်စိုက် ဘိလိယက်ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဌေး ငွေတံဆိပ် ရရှိ



အာရပ်စော်ဘွားများနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် ပထမအကြိမ် အာရှဘိလိယက်ချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အောင်ဌေးသည် တစ်ဦးချင်းပြိုင်ပွဲ၌ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ပြီး အိန္ဒိယနိုင်ငံမှ ဆစ်ဒပ်ပါရစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရှုံးနိမ့်ခဲ့သဖြင့် ငွေတံဆိပ်ဆု ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် အာရှနိုင်ငံပေါင်းစုံမှ ဘိလိယက်အားကစားသမား ၂၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာနိုင်ငံမှ အောင်ဌေးက ငွေတံဆိပ် ရရှိခဲ့ခြင်း ဖြစ်သည်။ အောင်ဌေးသည် ၂၉ ကြိမ် မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုလည်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လက်ရှိတွင် နေပြည်တော်၌ စခန်းသွင်းလေ့ကျင့်နေသည်။ ၎င်းသည် ၂၇ ကြိမ်မြောက်နှင့် ၂၈ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲများတွင်လည်း ဘိလိယက်မှ ရွှေတံဆိပ်များ ရယူပေးနိုင်ခဲ့သည်။

# အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ ပြုလုပ်



အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို စက်တင်ဘာ ၂၇ ရက် နံနက်ပိုင်းတွင် တိုင်းစစ်ဌာန ချုပ်ရှိ အားကစားရုံ၌ ကျင်းပရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင် အသင်းများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြ သည်။ ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာ ကြသူများက ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများနှင့် ဒိုင်းဆုရရှိ သော အသင်းတို့အား တာဝန်ရှိသူများက ဆုများ အသီးသီး ပေးအပ်ကြသည်။ အဆိုပါ တိုင်းမှူးဒိုင်း အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် စက်တင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■

# ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲဖွင့်ပွဲနှင့်ဆုပေးပွဲ ပြုလုပ်



၂၀၁၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(ရေ) တံခွန်စိုက်ဒိုင်း လှေလှော်ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုပေးပွဲကို စက်တင်ဘာ ၃၀ ရက်၊ မွန်းလွဲပိုင်းတွင် တပ်မတော်(ရေ) လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ပြုလုပ်ရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား ဗိုလ်မှူးချုပ်ဌေးနိုင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တာဝန်ရှိသူများကလည်းကောင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသောအသင်းအား ဗိုလ်မှူးချုပ်ဌေးနိုင်ကလည်းကောင်း ဆုများ အသီးသီးပေးအပ်ကြသည်။ အဆိုပါ လှေလှော်ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် စက်တင်ဘာ ၂၆ရက်မှ ၃၀ရက်အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

■

## အာရှသဲသောင်ပြင်ပိုပီနမ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် ၂ ခုရရှိ

၅ ကြိမ်မြောက် အာရှသဲသောင်ပြင် အားကစားပြိုင်ပွဲ၏ ပိုပီနမ်ပြိုင်ပွဲတွင် မြန်မာ ပိုပီနမ်အားကစားအဖွဲ့က ရွှေ ၂ ခု၊ ငွေ ၃ ခုနှင့် ကြေး ၂ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ စက်တင်ဘာ ၃၀ ရက်တွင် ကျင်းပခဲ့ပြီး အမျိုးသား ၄ ယောက်တွဲ (လက်နက်ပါ) ပြိုင်ပွဲတွင် ချမ်းမြေ့အောင်၊ ရဲဝင့်ထူး၊ မျိုးထွန်းအံ့၊ ဝင်းဌေးအောင်တို့က ပထမ ရွှေတံဆိပ်ဆု၊ အမျိုးသား ၂ ယောက်တွဲ (လက်နက်မဲ့) ပြိုင်ပွဲတွင် မနောကွီးနှင့် ဘိုဘိုတို့အတွဲက ရွှေတံဆိပ် ၁ ခု ရရှိခဲ့သည်။ ငွေတံဆိပ် ဆုများကို အမျိုးသား ၄ ယောက်တွဲ (လက်နက်ပါ) ပြိုင်ပွဲ၊ အမျိုးသမီး ၂ ယောက်တွဲ ဓားပြိုင်ပွဲ၊ အမျိုးသမီး အမျိုးသား အသင်းလိုက် (လက်နက်ပါ) ပြိုင်ပွဲတို့တွင် ရရှိခဲ့သည်။ ကြေးတံဆိပ် ဆုများကို အမျိုးသား ၂ ယောက်တွဲ (လက်နက်ပါ) ပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီး (လက်နက်ပါ) ၂ ယောက်တွဲ ပြိုင်ပွဲတို့တွင် ဆွတ်ခူး ရရှိခဲ့သည်။

## ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ခဲ့သော အောင်ပွဲရမြန်မာပိုက်ကျော်ခြင်းအဖွဲ့ ပြန်လည်ရောက်ရှိလာ



ဗီယက်နမ်နိုင်ငံ၌ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ယှဉ်ပြိုင်ခဲ့သည့် ၅ ကြိမ်မြောက် အာရှသဲသောင်ပြင်၊ အားကစားပြိုင်ပွဲတွင် အောင်ပွဲရရှိခဲ့သော မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည်။ မြန်မာနိုင်ငံသို့ စက်တင်ဘာ ၃၀ ရက် ညပိုင်းတွင် ပြန်လည်ရောက်ရှိခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် အမျိုးသား ၃ ယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသား ၄ ယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခု၊ အမျိုးသမီး ၃ ယောက်တွဲပြိုင်ပွဲတွင် ငွေတစ်ခု၊ အမျိုးသမီး ၄ ယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ် တစ်ခုရရှိပြီး စုစုပေါင်း ရွှေတံဆိပ် ၂ ခု၊ ငွေတံဆိပ် ၁ ခု၊ ကြေးတံဆိပ်တစ်ခုရရှိပြီး နိုင်ငံအလိုက် အဆင့် ၂ နေရာ ရရှိခဲ့သည်။ အဆိုပါပြိုင်ပွဲကို အရှေ့တောင်အာရှနိုင်ငံ ၉ နိုင်ငံနှင့် အာရှနိုင်ငံ ၄ နိုင်ငံ၊ စုစုပေါင်း ၁၃ နိုင်ငံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ထိုင်းနိုင်ငံက ပထမ၊ မြန်မာနိုင်ငံက ဒုတိယနှင့် ဗီယက်နမ်နိုင်ငံကတတိယ အသီးသီး ရရှိခဲ့သည်။ မြန်မာပိုက်ကျော်ခြင်းအဖွဲ့သည် လာမည့် အောက်တိုဘာ ၁၈ ရက်မှ ၂၄ ရက်အထိ ထိုင်းနိုင်ငံတွင် ပြုလုပ်မည့် ထိုင်းဘုရင့်ဖလား ပြိုင်ပွဲသို့ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦး၊ နည်းပြ ၄ ဦး၊ အုပ်ချုပ်သူ ၂ ဦး ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

## မြန်မာ့လက်ရွေးစင် ဘောလုံးအသင်း ဥရောပခရီးစဉ်အပြီးတွင် ပြည်တွင်း၌ နိုင်ငံတကာ ခြေစမ်းပွဲ ၂ ပွဲ ထပ်မံ ယှဉ်ပြိုင်မည်

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၆ ဆုဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် ပြင်ဆင်နေသော မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် ဥရောပ ခြေစမ်းခရီးစဉ်အပြီးတွင် ပြည်တွင်း၌ နိုင်ငံတကာ ခြေစမ်းပွဲ ၂ ပွဲ ထပ်မံယှဉ်ပြိုင်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆုဇူကီးပြိုင်ပွဲအကြို နောက်ဆုံး ခြေစမ်းပွဲအဖြစ် ဖီဖာ အသိအမှတ်ပြု ခြေစမ်းပွဲ ၂ ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ အင်ဒိုနီးရှား လက်ရွေးစင်အသင်းနှင့် အာရှထိပ်သီး လူငယ်လက်ရွေးစင် အသင်းတစ်သင်းတို့ကို ဖိတ်ကြားထားကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ မြန်မာ့လက်ရွေးစင် အသင်းသည် လက်ရှိတွင် ဆိုက်ပရပ်စ်နိုင်ငံ၌ လေ့ကျင့်မှုများ ပြုလုပ်နေပြီး အောက်တိုဘာ ဒုတိယပတ်တွင် မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိမည်ဖြစ်သည်။ ဥရောပ ခရီးစဉ် နောက်ဆုံးခြေစမ်းပွဲစဉ်အဖြစ် မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာ ၅ ရက်တွင် ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်းနှင့် ခြေစမ်းယှဉ်ပြိုင်မည်ဖြစ်သည်။

## အမျိုးသမီး လိဂ်ပြိုင်ပွဲကို ယခုနှစ်ဒီဇင်ဘာလမှ စတင်ကာ ၂ ကျော့စနစ်ဖြင့် ယှဉ်ပြိုင်ကစားမည်



မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခုနှစ် ဒီဇင်ဘာလမှ စတင်ကာ ပြိုင်ပွဲဝင်အသင်း အနည်းဆုံး ၆ သင်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ၂ ကျော့စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မြန်မာနိုင်ငံ၏ ပထမဆုံး အမျိုးသမီးလိဂ်ပြိုင်ပွဲ စတင်ကျင်းပရေးအတွက် အစည်းအဝေးတစ်ရပ်ကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ အမျိုးသမီး လိဂ်ကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။ ပြိုင်ပွဲဝင် အသင်းများ အနေဖြင့် အောက်တိုဘာ ၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ လက်ရှိတွင် အမျိုးသမီးလိဂ်ပြိုင်ပွဲဝင် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အားကစားနှင့် ကာယပညာသိပ္ပံအသင်း၊ ဒဂုံတက္ကသိုလ်အသင်းနှင့် ဇွဲကပင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်နေပြီး အချို့အသင်းများမှာ နှစ်သင်းခွဲ၍ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဟု သိရသည်။

## မလေးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် မြားပစ်ပြိုင်ပွဲတွင် မြန်မာအဖွဲ့ ရွှေတံဆိပ် ၂ ခုနှစ် ငွေတံဆိပ် ၁ ခုရရှိ




မလေးရှားနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သော PKS Uniza Open ၂၀၁၆ နှင့် 3rd National Circuit ပြိုင်ပွဲတွင် မြန်မာမြားပစ် အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ရွှေတံဆိပ် ၂ ခုနှင့် ငွေတံဆိပ် ၁ ခု ရရှိကာ နိုင်ငံအလိုက် တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ မြန်မာအသင်းအတွက် ဆုတံဆိပ်များကို Mix team ပြိုင်ပွဲမှ ထိုက်လင်းဦးနှင့် စန်းယုထွေးတို့ အတွဲက မလေးရှားအတွဲကို (၆-၀) ၃ ပွဲပြတ်ဖြင့် အနိုင်ရရှိကာ ပထမ ရွှေတံဆိပ်တစ်ခု၊ စန်းယုထွေးက Recurve တစ်ဦးချင်း မြား ၇၂ ချောင်း အမှတ်ပေးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် တစ်ဦးချင်း ရှုံးထွက်ပြိုင်ပွဲတွင် ငွေတံဆိပ် တစ်ခုတို့ကို ရယူပေးနိုင်ခဲ့သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဆော်ဒီအာရေဗျနှင့် မလေးရှားနိုင်ငံတို့မှ မြားပစ် ကလပ်အသင်းပေါင်း ၅၂ သင်းတို့က Compound အမျိုးသမီး ပြိုင်ပွဲဝင် ၄၅ ဦး၊ အမျိုးသား ၉၁ ဦး၊ Recurve အမျိုးသမီး ၇၁ ဦး၊ အမျိုးသား ၁၀၂ ဦး၊ စုစုပေါင်း မြားပစ် အားကစားသမား ၃၀၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သဖြင့် အရှေ့တောင်အာရှ ဒေသတွင်း ပြိုင်ပွဲဝင်ဦးရေ အများဆုံး ပြိုင်ပွဲဖြစ်ကြောင်း သိရသည်။

























MYANMAR FOOTBALL FEDERATION ESTABLISHED 1947

# မြန်မာ့လက်ရွေးစင် နည်းပြသမိုင်း ၂

မြိုးသက်လှိုင်ဝင်း

**ယူ-၂၀ အသင်းနှင့်အတူ ကမ္ဘာ့ဖလားဝင် ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သလို ဘရူနိုင်း ဘုရင့်ဖလားကို ရရှိအောင် စွမ်းဆောင်ပေးခဲ့သော ဂျာမနီလူမျိုးနည်းပြ ဂက်ဇီဆီအပေါ် ပရိသတ်နှင့် ဘောလုံးအဖွဲ့ချုပ်က ယုံယုံကြည်ကြည်ဖြင့် လက်ရွေးစင် နည်းပြရာထူးကိုခန့်အပ်ခဲ့သည်။**

## ဦးဆန်းဝင်း (၂၀၀၆-၂၀၀၇)

ဦးဆန်းဝင်းကိုင်တွယ်စဉ်အတွင်း အောင်မြင်မှုဝေးကွာနေသည့် မြန်မာ့လက်ရွေးစင်အသင်းကို ၂၀၀၆ မာဒေးကားဖလားရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို ၂၀၀၇ မာဒေးကားဖလားတွင်လည်း ဒုတိယရအောင်စွမ်း ဆောင်ပေးနိုင်ခဲ့သည်။ ထို့ပြင် ၂၀၀၅-၂၀၀၆ Grand Royal Cup ကို လည်းရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဦးဆန်းဝင်းသည် ၂၀၁၁ နှင့် ၂၀၁၃ ခုနှစ်များတွင်လည်း နည်းပြအဖြစ်တာဝန်ယူခဲ့သေးသည်။

## မားကိုစ်ဖလော်ပါ (၂၀၀၈-၂၀၀၉)

၂၀၀၇ ဆီးဂိမ်းအတွက် ရည်ရွယ်၍ခန့်အပ်ခဲ့သည့် ဘရာဇီး လူမျိုး နည်းပြ မာကိုစ်ဖလော်ပါ သည် ၂၀၀၈ ခုနှစ် တိုက်ဂါးဖလားတွင်လည်း မြန်မာ့လက်ရွေးစင်နည်းပြအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။ ဖလော်ပါလက်ထက်တွင် ၂၀၀၈ ခုနှစ် Grand Royal Cup ချန်ပီယံနှင့် ၁၉၉၃ ခုနှစ် နောက်ပိုင်း ဆီးဂိမ်းပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် အီတလီ၊ ဘရာဇီး၊ အိန္ဒိယလူငယ်အသင်းများတွင် တာဝန်ယူကိုင်တွယ်ခဲ့သည်။

## ဒရာဂိုမာမစ် (၂၀၀၉-၂၀၁၀)

ခရိုအေးရှားလူမျိုး ဒရာဂိုမာမစ်ကို ၂၀၀၉ လာအိုဆီးဂိမ်းအတွက် ရည်ရွယ်၍ခန့်အပ်ခဲ့သည်။သို့သော်အောင်မြင်မှုမရရှိခဲ့ဘဲ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ နောက်ပိုင်းတွင် ပါဆစ်ဘန်ဒေါင်း၊ မော်လ်ဒိုက်စသည့်အသင်းများကိုကိုင်တွယ်ခဲ့သည်။ ယခုလက်ရှိတွင် မလေးရှားကလပ် Sime Darby Fc အသင်းကို ကိုင်တွယ်နေသည်။

## ဦးတင်မြင့်အောင် (၂၀၁၀-၂၀၁၁)

၂၀၁၀ ဆူဇူကီးဖလားအတွက် ခန့်အပ်ခြင်း ခံခဲ့ရသည့် လက်ရွေးစင်ဟောင်း ဦးတင်မြင့်အောင်သည် မြန်မာ့လက်ရွေးစင်အသင်းကို ထူးထူးခြားခြား စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိချေ။ ဆူဇူကီးဖလားတွင် ဗီယက်နမ်ကို ၇-၁ဂိုး၊ စင်ကာပူကို ၂-၁ ဂိုးနဲ့ ရှုံးနိမ့် ခဲ့ပြီး ဖိလစ်ပိုင်ကို ၀-၀ ဂိုးဖြင့်သရေကျခဲ့ပြီး နိုင်ပွဲ မရှိအုပ်စုမှထွက်ခဲ့ရသည်။

## ဇီဟာဒီနိုဗစ် (၂၀၁၁ဇန်နဝါရီ-၂၀၁၁ဇူလိုင်)

မြန်မာ့လက်ရွေးစင်အသင်း ပြည်ပနည်းပြထဲတွင် ဇီဟာဒီနိုဗစ်သည် သက်တမ်းအတိုဆုံးဖြစ်ခဲ့သည်။ ဆားဘီးယားလူမျိုး ဇီဟာဒီနိုဗစ်သည် မြန်မာ့လက်ရွေးစင်အသင်းကို ကိုင်တွယ်ရာတွင် ကစားသမားများ မရင်းနှီးသည့် ကစားကွက် (၃-၅-၂)ဖြင့် ကစားခဲ့ သလို သူ့လက်ထက်တွင် မြန်မာ အသင်း၏ Fifa Ranking သည်လည်း အဆိုးဆုံး ရပ်တည်မှုများနှင့်သာ ကြုံတွေ့ခဲ့သည်။ ဇီဟာဒီနိုဗစ် လက်ထက်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပ သော ၂၀၁၂ AFC Challenge Cup ခြေစစ်ပွဲကိုပင် မအောင်မြင်ခဲ့ဘဲ အုပ်စုနောက်ဆုံးမှ ထွက်ခဲ့ရသည်။ သူ၏လက်ထက်တွင် ၇ ပွဲကိုင်တွယ်ခဲ့ပြီး နိုင်ပွဲမရှိခဲ့ဘဲ ၂ ပွဲသရေ၊ ၅ ပွဲရှုံးရလဒ်ပိုင်ဆိုင်ခဲ့ ပြီး စာချုပ်သက်တမ်းမပြည့်မီ အထုတ်ခံခဲ့ရသည်။

## ပတ်ဆောင်ဟွာ (၂၀၁၂-၂၀၁၃)

"အဝေးဂိုးစည်းမျဉ်းကျင့်သုံးတယ်ဆိုတာမသိခဲ့ပါဘူး" ဟူသော စကားလုံးဖြင့် မြန်မာပရိသတ်အားလုံး၏ အသည်းကိုခွဲခဲ့သော ကိုရီးယားလက်ရွေးစင်ဟောင်း ပတ်ဆောင်ဟွာကို မြန်မာပရိသတ်များ မေ့နိုင်ဦးမည်မထင်ပါ။ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲအား အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိခဲ့လို့ အောင်မြင်မှုရရှိအောင် ရည်မှန်းချက်ကြီးကြီးဖြင့် ခန့်အပ်ခဲ့သော်လည်း အုပ်စုအဆင့်တောင်မကျော်ခဲ့ဘဲ အပြန်ခရီးတွင် လေယာဉ်ကွင်းကို လုံခြုံရေး အပြည့်နဲ့သွားခဲ့ရသည်အထိ အခြေအနေဆိုးခဲ့သည်။ ၂၀၁၂ ဆူဇူကီးဖလားတွင် မြန်မာ့လက် ရွေးစင်အသင်းနည်းပြအဖြစ် တာဝန်ထမ်းဆောင် ရာတွင်လည်း အောင်မြင်မှုမရခဲ့ပေ။ သူ၏လက်ထက် မြန်မာ အသင်းကို ၁၃ ပွဲကိုင်တွယ်ရာ ၅ပွဲ နိုင်၊ ၄ ပွဲသရေ၊ ၄ပွဲရှုံးခဲ့သည်။

## အီဗရာမိုဗစ်ချ်(၂၀၁၄-၂၀၁၅)

ဒေသတွင်းပြိုင်ဘက် စင်ကာပူ အသင်းနဲ့ ဆူဇူကီးဖလား အောင်မြင်မှုတွေရရှိခဲ့တဲ့ ဆားဘီးယားလူမျိုး နည်းပြ အီဗရာမိုဗစ်ချ်ကို ၂၀၁၄ ဆူဇူကီးဖလားအတွက် ရည်ရွယ်ချက်ကြီးကြီးဖြင့် ခန့်အပ်ခဲ့သည်။ သို့သော် ထင်ထားသည့်အတိုင်း ဖြစ်မလာခဲ့ဘဲ အုပ်စုအဆင့်နှင့်သာ ကျေနပ်ခဲ့ရသည်။ သူ့လက်ထက်တွင် ၂၀၁၈ Fifa World Cup Qualification တွင် ကူဝိတ်အသင်းကို ၉-၀ ဂိုးဖြင့် ရှုံးနိမ့်ခဲ့ခြင်းသည် သမိုင်းတစ်လျှောက် အကြီးမားဆုံးရှုံးနိမ့်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ၎င်း၏ လက်ထက်တွင် Philippines Peace Cup ချန်ပီယံဖြစ်ခဲ့ခြင်းသည်အကြီးမားဆုံးအောင်မြင်မှုဖြစ်သည်။ အီဗရာမိုဗစ်ချ်သည် လက်ရွေးစင်အသင်းကို ၂၂ပွဲကိုင်တွယ်ခဲ့ပြီး ၇ပွဲနိုင်၊ ၄ ပွဲသရေ၊ ၁၁ ပွဲရှုံးနိမ့်ခဲ့သည်။

## ဂက်ဇီဆီ(၂၀၁၅- လက်ရှိ)

ယူ-၂၀ အသင်းနှင့်အတူ ကမ္ဘာ့ဖလားဝင် ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့သလို ဘရူနိုင်း ဘုရင့်ဖလားကို ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သော ဂျာမနီလူမျိုးနည်းပြ ဂက်ဇီဆီအပေါ် ပရိသတ်နှင့် ဘောလုံးအဖွဲ့ချုပ်က ယုံယုံကြည်ကြည်ဖြင့် လက်ရွေးစင် နည်းပြရာထူးကို ခန့်အပ်ခဲ့သည်။ ဂက်ဇီဆီလက်ထက်တွင် မြန်မာ့လက်ရွေးစင်အသင်း၏ ခြေစွမ်းသည် သိသိသာသာ ကောင်းမွန်လာခဲ့သည်။ လက်ရှိ အချိန်အထိ သူ့လက်ထက်တွင် မြန်မာ့လက်ရွေးစင် အသင်းသည် ၇ပွဲကစား၊ ၁ပွဲနိုင်၊ ၂ပွဲသရေ၊ ၄ပွဲရှုံးထားသည်။ ၂၀၁၆ ခုနှစ်ကုန်ပိုင်းတွင် အိမ်ရှင်အဖြစ်ကျင်းပမည့် ဆူဇူကီးဖလားတွင် ဂက်ဇီဆီအနေဖြင့် မြန်မာ့လက်ရွေးစင်အသင်းကို မည်မျှအထိ ရောက်ရှိအောင်စွမ်းဆောင် ပေးနိုင်မည်နည်း၊ ၁၉၉၀ နောက်ပိုင်း ပြိုင်ပွဲကြီးများတွင် ချန်ပီယံ မဖြစ်ဖူးသေးသော မြန်မာ့လက်ရွေးစင်အသင်း အနေဖြင့် အမိမြေပေါ်တွင် အစွမ်းပြနိုင်ပြီး မြန်မာဘောလုံးပရိသတ်များ မျှော်လင့်စောင့်စားနေသည့် ချန်ပီယံဆုကြီးကို ရယူပေးနိုင်မည်လောဆိုသည်မှာ ဆက်လက် စောင့်ကြည့်ရဦးမည်ဖြစ်ပါသည်။

■ ■ ■

SPORTS VIEW JOURNAL အားကစားအမြင် ဂျာနယ်

# ၂၀၁၆ ရိုက်ဒါဖလားပြိုင်ပွဲတွင် အမေရိကန်အသင်း အနိုင်ရဗိုလ်စွဲ

## ဥရောပအသင်း၏ ၄ ကြိမ်ဆက်ချန်ပီယံဆုရယူနိုင်ရေးမျှော်လင့်ချက်ကိုအဆုံးသတ်ခဲ့

အမေရိကန်နိုင်ငံ၊ မင်နီဆိုးတားပြည်နယ်ရှိ ဟာဇယ်တိုင်းအမျိုးသားဂေါက်ကလပ်တွင်ကျင်းပပြီးစီးခဲ့သည့် ၂၀၁၆ ရိုက်ဒါဖလားဂေါက်သီးရိုက်ပြိုင်ပွဲ၌ အမေရိကန်အသင်း အနိုင်ရဗိုလ်စွဲသွားခဲ့သည်ဟု သိရသည်။ ၂၀၁၆ ရိုက်ဒါဖလားပြိုင်ပွဲကို စက်တင်ဘာ ၃၀ မှ အောက်တိုဘာ ၁ ရက်နေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၃ ရက်တာ ယှဉ်ပြိုင်ခဲ့ကြသည်။ ရိုက်ဒါဖလားပြိုင်ပွဲတွင် အိမ်ရှင်အမေရိကန်အသင်းနှင့်ဥရောပကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ရခြင်းဖြစ်ပြီး နှစ်သင်းလုံးတွင်ဂေါက်သီးသမား၁၂ဦးစီပါဝင်ယှဉ်ပြိုင်ကြရသည်။ အမေရိကန်အသင်းကိုဒါဗစ်လိုဗီကအသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားခဲ့ပြီး ဥရောပအသင်းခေါင်းဆောင်အဖြစ် ဒါရင်းကလာ့ခ်က တာဝန်ယူခဲ့သည်။ ပထမနေ့ပွဲစဉ်များကို သောကြာနေ့တွင် စတင်ယှဉ်ပြိုင်ခဲ့ပြီး နံနက်ပိုင်းပွဲစဉ်ဖြစ်သည့် Foursomes နှစ်ယောက်တွဲ ၄ ပွဲ၌ အမေရိကန်အသင်းက ပြတ်သားစွာအနိုင်ရရှိခဲ့သည်။ နေ့လယ်ပိုင်းတွင်ကစားခဲ့သည့် Fourballs ၄ ပွဲ၌ ဥရောပအသင်းက ၃ ပွဲပြန်လည်အနိုင်ရခဲ့ပြီးအမေရိကန်အသင်းကတစ်ပွဲသာ အနိုင်ရရှိခဲ့ရာ ပထမနေ့အပြီးတွင်အမေရိကန်အသင်းက ၅-၃ ဖြင့်ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယနေ့ပွဲစဉ်များတွင် Foursomes ပြိုင်ပွဲ၌ ဥရောပအသင်းက ၂ မှတ်ခွဲရရှိပြီး အမေရိကန်အသင်းက ၁ မှတ်ခွဲသာရရှိခဲ့သည်။ နေ့လယ်ပိုင်း Fourballs ၄ ပွဲ၌အမေရိကန်အသင်းက ၃-၁ ဖြင့်အနိုင်ယူခဲ့ရာ ဒုတိယနေ့ပွဲစဉ်များအပြီးတွင် အမေရိကန်က ၉ မှတ်ခွဲ၊ ဥရောပအသင်းက ၆ မှတ်ခွဲရရှိထားခဲ့သည်။ နောက်ဆုံးနေ့ပွဲစဉ်များတွင် ဂေါက်သီးသမားအားလုံးတစ်ဦးချင်းရင်ဆိုင်ခဲ့ကြပြီး ပွဲအစတွင် ဥရောပအသင်းက အနိုင်ရမှု ပိုများခဲ့သည်။ သို့သော်လည်းအမေရိကန်အသင်းက အဆုံးသတ်တွင် ၇ မှတ်ခွဲအထိ ရယူနိုင်ခဲ့ကာ စုစုပေါင်း ၁၇ မှတ်၊ ဥရောပအသင်းက စုစုပေါင်း ၁၁ မှတ်ဖြင့် အမေရိကန်အသင်းအနိုင်ရရှိသွားခဲ့သည်။ ဥရောပအသင်းသည် ၃ ကြိမ်ဆက်ချန်ပီယံဆုကို လက်လွှတ်ခဲ့ရခြင်းဖြစ်ပြီးအမေရိကန်အသင်းက ၂၀၀၈ နောက်ပိုင်းပြန်လည်ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။



## မက်ဂရီဂေါ်ကို မေဝယ်သာတိုက်ခိုက်ပြောဆို

အမေရိကန်လက်ဝှေ့ချန်ပီယံဟောင်း မေဝယ်သာက UFC ချန်ပီယံ မက်ဂရီဂေါ်မှာ မိမိ၏ ဈေးကွက်ဗျူဟာများကို အတုယူပြီး လူသိများလာခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားခဲ့သည်။ မက်ဂရီဂေါ်သည် UFC တွင် နာမည်ကြီးအားကစားသမားဖြစ်လာခဲ့ပြီး နောက်လက်ဝှေ့အားကစားတွင် ထိပ်တန်းကစားသမားတစ်ဦး ဖြစ်ခဲ့သော မေဝယ်သာနှင့် ထိုးသတ်ရန် ပရိသတ်များက တောင်းဆိုမှုများရှိခဲ့သည်။ မတူညီသောအားကစားပြိုင်ပွဲဖြစ်သည့် UFCတွင်မက်ဂရီဂေါ် နာမည်ကျော်ကြားနေခြင်းနှင့်ပတ်သက်၍ မေဝယ်သာကမက်ဂရီဂေါ်မှာ ၎င်းယှဉ်ပြိုင်နေသောပြိုင်ပွဲများ၌အမှန်တကယ် လက်စွမ်းကောင်းမွန်သူဖြစ်သော်လည်း ဈေးကွက်ဆိုင်ရာဗျူဟာများတွင်လည်း မိမိကို အတုခိုးကာလှေ့လာမှုများ ပြုလုပ်ခဲ့သည့်အတွက် နာမည်ကျော်တစ်ဦးဖြစ်လာနိုင်ခဲ့ကြောင်း သုံးသပ်ခဲ့သည်။ မေဝယ်သာသည် လက်ဝှေ့သမားဘဝတွင် ပွဲတိုင်းအနိုင်ရသည့်စံချိန်ရရှိပြီးနောက် အနားယူသွားခဲ့သည်။

## အနာဂတ်ကိုဆုံးဖြတ်တော့မည်ဟု အန်းနစ်ဖွင့်ဟ

ဗြိတိန်အိုလံပစ်ချန်ပီယံဟောင်း ဂျက်ဆီကာအန်းနစ်က အားကစားလောကမှ အနားယူခြင်း၊ မယူခြင်းနှင့်ပတ်သက်၍ အနာဂတ်ကိုဆုံးဖြတ်ရန် နီးစပ်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အသက်(၃၀)အရွယ်ရှိပြီဖြစ်သောဟက်တာသလွန်ချန်ပီယံဟောင်းအန်းနစ်သည် ရီယိုအိုလံပစ်တွင် ငွေတံဆိပ်ဆုဖြင့်သာ ကျေနပ်ခဲ့ရပြီးနောက် အားကစားသမားဘဝမှ အနားယူတော့မည်ဟု အရိပ်အမြွက်ပြောဆိုထားသူဖြစ်သည်။ အန်းနစ်က"၂၀၁၇ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲကို လန်ဒန်က အိုလံပစ်အားကစားကွင်းမှာ ကျင်းပသွားမှာဖြစ်ပြီး လွန်ခဲ့တဲ့(၄)နှစ်တုန်းကအဲဒီကွင်းမှာအောင်မြင်မှုရခဲ့တာပါ။ ဒီပြိုင်ပွဲပြီးဆုံးချိန်မှာ ကျွန်မရဲ့အနာဂတ်နဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ဆုံးဖြတ်သွားမှာပါ" ဟုပြောကြားခဲ့သည်။ အနားယူရန်အတွက် အချိန်ကြာမြင့်စွာစဉ်းစားလျက်ရှိကြောင်း၊ မှားယွင်းဆုံးဖြတ်ခဲ့ပါကလည်း နောင်တရနေမည်မဟုတ်ကြောင်း အန်းနစ်က ဆက်လက်ပြောဆိုခဲ့သည်။

# ဝေဖန်ခံနေရသော ဖိလစ်ပိုင်သမ္မတဒူတာတီအား ပက်ကွီယို ထောက်ခံ

## လူများ၏စည်းကမ်းကို ထိန်းသိမ်းရန် ဘုရားသခင်က ဒူတာတီကို စေလွှတ်ခဲ့ခြင်းဟုဆို

ဖိလစ်ပိုင်လက်ဝှေ့အားကစားသမား ပက်ကွီယိုကမူးယစ်ဆေးဆန့်ကျင်တိုက်ဖျက်ရေး လှုပ်ရှားမှုများကြောင့် လူ(၃၀၀၀)ကျော်သေဆုံးခဲ့ရခြင်းအတွက် သမ္မတဒူတာတီအပေါ်ဝေဖန်မှုများရှိနေသော်လည်း မိမိအနေဖြင့် ယခင်ကတည်းကကောင်းမွန်သော ဆက်ဆံရေးရှိခဲ့သည့် ဒူတာတီအား ထောက်ခံကြောင်းပြောဆိုခဲ့သည်။ ပက်ကွီယိုသည် လက်ရှိတွင် လွှတ်တော်အမတ်အဖြစ်လည်းလုပ်ဆောင်နေသူဖြစ်ပြီး သမ္မတဒူတာတီ၏အရေးပါသောမဟာမိတ်တစ်ဦးလည်းဖြစ်သည်။ ဒူတာတီသည် ဇွန်လ(၃၀)ရက်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် မူးယစ်ဆေးသုံးစွဲသူများနှင့် ဖြန့်ဖြူးရောင်းချသူများကို ပြင်းပြင်းထန်ထန်နှိပ်ကွပ်အရေးယူမှုများပြုလုပ်ခဲ့ရာလက်ရှိအချိန်အထိ လူပေါင်း(၃၇၇၁)ဦးသေဆုံးခဲ့ပြီဖြစ်ရာကြမ်းတမ်းသောအရေးယူအပြစ်ပေးမှုများအတွက် ဒူတာတီအား ပြည်တွင်းပြည်ပမှဝေဖန်မှုများစွာရှိခဲ့သည်။ သို့ရာတွင်ပက်ကွီယိုက "ကျွန်တော့်ရဲ့ငယ်ဘဝမှာ မူးယစ်ဆေးအမျိုးမျိုးကို သုံးစွဲခဲ့ဖူးပါတယ်။ သမ္မတဒူတာတီနဲ့ကျွန်တော့်ကြားက ပတ်သက်မှုဟာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဘုရားသခင်ဟာ လူတွေရဲ့စည်းကမ်းကို ထိန်းသိမ်းဖို့အတွက် ဒူတာတီကို စေလွှတ်လိုက်တာပါ"ဟုဆိုခဲ့သည်။



# SHORT NEWS

■ ရီယို ၂၀၁၆ ပြိုင်ပွဲကာလအတွင်း ရဲတပ်ဖွဲ့၏လုံခြုံရေးအစီအမံများကြောင့် ထိခိုက်နစ်နာခဲ့ရသောကလေးငယ်များအတွက် လျော်ကြေးရရန် နိုင်ငံတကာအိုလံပစ်ကော်မတီကူညီပေးသင့်သည်ဟု ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကတိုက်တွန်းမှုပြုခဲ့သည်။ ရီယိုအိုလံပစ်ကာလအတွင်းရဲတပ်ဖွဲ့၏ပစ်ခတ်မှု ၉၂ ကြိမ်အထိရှိခဲ့သည်။

## ဝူဟန်အိုးပင်းချန်ပီယံဆုကို ကေဗီတိုဗာဆွတ်ခူးရရှိ

ချက်တင်းနစ်မယ်ပီထရာကေဗီတိုဗာသည် တရုတ်နိုင်ငံတွင်ကျင်းပခဲ့သည့် ဝူဟန်အိုးပင်းပြိုင်ပွဲ၊ ဗိုလ်လုပွဲ၌ ဆလိုဗက်ကီးယားမှ စီဘူလ်ကိုဗာကို အနိုင်ရကာ ချန်ပီယံဆုဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။ ဝူဟန်အိုးပင်းပြိုင်ပွဲတွင် နိုင်ခြေအဆင့် ၁၄ သာ သတ်မှတ်ခံခဲ့ရသော ကေဗီတိုဗာသည် နိုင်ခြေအဆင့် ၁၀ သတ်မှတ်ခံထားရသော စီဘူလ်ကိုဗာအား ၆-၁၊ ၆-၁ ဖြင့်အနိုင်ရကာ သူမအတွက် ဒုတိယမြောက် ဝူဟန်အိုးပင်းချန်ပီယံဆုရရှိခဲ့ခြင်းဖြစ်သလို ၂၀၁၆ တင်းနစ်ရာသီအတွင်း ပထမဆုံးဆုဖလားဆွတ်ခူးနိုင်ခြင်းလည်းဖြစ်ခဲ့သည်။ အသက် ၂၆ နှစ်အရွယ်ရှိ ကေဗီတိုဗာသည် ယခုပြိုင်ပွဲတွင် ကမ္ဘာ့နံပါတ်တစ်ကာဘာ၊ အဆင့် ၄ ရှိဟာလက်နှင့်ဗြိတိန်မှ ကွန်တာတို့ကိုကျော်ဖြတ်အနိုင်ယူကာ ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။

## ကလေးငယ်ရှာဖွေနိုင်ရန် ပွဲကိုနာဒယ်ရပ်တန့်ပေးခဲ့

စပိန်တင်းနစ်အားကစားသမား နာဒယ်သည် မာယော့ကာတွင်ပြိုင်ပွဲတစ်ရပ်ယှဉ်ပြိုင်နေခဲ့စဉ်၌ ကလေးငယ်ပျောက်ဆုံးနေခြင်းကြောင့်စိတ်ပူပန်နေသောမိခင်တစ်ဦးက ကလေးငယ် ပြန်လည်ရှာဖွေနိုင်ရေးအတွက် ပွဲအားခေတ္တရပ်နားပေးခဲ့ကြောင်း သိရှိရသည်။ နာဒယ်သည် နှစ်ယောက်တွဲပြိုင်ပွဲ၌ စပေးဘောပေးရန် ပြင်ဆင်နေချိန်တွင် ပရိသတ်အတွင်းမှ အမျိုးသမီးမှာလုံခြုံရေးဝန်ထမ်းအားစကားပြောဆိုပြီးနောက် လူအုပ်အတွင်းတစ်စုံတစ်ရာရှာဖွေနေဟန်ရှိပြီး ၎င်း၏ကလေးငယ်အား ရုတ်တရက်တွေ့မြင်ခဲ့ချိန်တွင် ပရိသတ်များ၏အသံကို ဖုံးလွှမ်းအောင် ပြောဆိုနိုင်ခြင်းမရှိသည်ကိုနာဒယ်ကတွေ့ခဲ့ရသဖြင့်ပွဲအားခေတ္တရပ်နားပေးခဲ့ခြင်းဖြစ်သည်။

# ဘာစီလိုနာလေဆိပ်မှာ မတော်တဆမှုဖြစ်ပွားခဲ့တဲ့ ရော်နယ်ဒိုရဲ့သီးသန့်လေယာဉ်





ရီးရဲလ်တိုက်စစ်မှူး ရော်နယ်ဒိုမှာ အခြားစီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတာ အားလုံးသိကြမှာပါ။ ဒါပေမဲ့ သူဟာ စပိန်မှာ လေယာဉ်တစ်စင်းဝယ်ထားပြီး ငှားစားနေတယ်ဆိုတာသိရင် အံ့သြသွားကြပါလိမ့်မယ်။ ရော်နယ်ဒိုဟာ ဂျီ-၂၀၀ ဆိုတဲ့ သီးသန့်လေယာဉ်ငယ်တစ်စင်းကို မနှစ်က ပေါင် ၁၅ သန်းနဲ့ ဝယ်ယူထားတာပါ။ အဲဒီလေယာဉ်ကို သီးသန့် ငှားရမ်းသူတွေရှိရင် ငှားတတ်ပါတယ်။ သူကိုယ်တိုင်လည်း တစ်ခါတလေမှာ စီးပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်ထဲမှာတော့ ရော်နယ်ဒိုရဲ့ သီးသန့်လေယာဉ်ဟာ ဘာစီလိုနာမြို့က အယ်ပရတ်လေယာဉ်ကွင်းမှာ ဆင်းသက်စဉ် မတော်တဆမှုဖြစ်ပွားခဲ့ပါတယ်။ မြေပြင်ထက်ကို ဆင်းသက်နေစဉ်မှာ အဆင်းဂီယာပျက်စီးသွားတာကြောင့် မြေပြင်နဲ့ပွတ်တိုက်မှုဖြစ်ပွားခဲ့တာပါ။ အဲဒီဖြစ်ရပ်ကြောင့် လေယာဉ်မောင်းသူဟာ အသေးစား ထိခိုက်ဒဏ်ရာရမှုတွေ ဖြစ်ပေါ်ခဲ့ပေမယ့် အခြားဘယ်သူမှ ကြီးကြီးမားမားဒဏ်ရာမရခဲ့ဘူးလို့ သတင်းတွေက ဖော်ပြပါတယ်။ မတော်တဆမှု ဖြစ်ပွားချိန် လေယာဉ်ထက်မှာ ရော်နယ်ဒို ရှိမနေခဲ့ပါဘူး။ သူ့ရဲ့မိသားစုလည်း မရှိခဲ့ပါဘူး။ "ဒီလေယာဉ်ကို ကုမ္ပဏီများစွာက ငှားရမ်းလေ့ရှိပါတယ်။ အခုလည်း ကုမ္ပဏီတစ်ခုက ငှားရမ်းသုံးစွဲစဉ်မှာ မတော်တဆမှု ဖြစ်ပွားခဲ့တာပါ။ လေယာဉ်ပေါ်မှာတော့ ရော်နယ်ဒိုနဲ့ သူ့ရဲ့မိသားစု၊ မိတ်ဆွေတွေ မပါဝင်ခဲ့ပါဘူး" လို့ ရော်နယ်ဒိုနဲ့ ရင်းနှီးသူတစ်ဦးက ဖွင့်ဟခဲ့ပါတယ်။




## သားအတွက် ကျေးဇူးတင်ပါတယ် ရော်နယ်ဒို

ရော်နယ်ဒိုဟာ သူ့ရဲ့သီးသန့်လေယာဉ် မြေခသွားခဲ့ရချိန်မှာ ဂျာမနီမြေကို ရောက်ရှိနေခဲ့ပါတယ်။ သူဟာ ဒေါ့မွန်နဲ့ ချန်ပီယံလိဂ်အုပ်စုပွဲစဉ်ကစားဖို့ ရောက်နေတာဖြစ်ပြီး ဒေါ့မွန်အသင်းရဲ့ အဓိကတိုက်စစ်မှူး အော်ဘာမီယန်းနဲ့ ဂိုးသွင်းပြိုင်ရမှာပါ။ သူတို့နှစ်ယောက်လုံးကလည်း ၂ ဂိုးစီသရေကျသွားတဲ့ပွဲမှာ ဂိုးတွေ သွင်းယူနိုင်ခဲ့ကြပါတယ်။ အဲဒီပွဲမှာ ရော်နယ်ဒိုတစ်ယောက် ပရိသတ်အသစ်တစ်ယောက် ရရှိသွားခဲ့ပါတယ်။ ရော်နယ်ဒိုရဲ့ပရိသတ်ကတော့ ဒေါ့မွန်တိုက်စစ်မှူး အော်ဘာမီယန်းရဲ့သားငယ် ကာတီပါပဲ။ ဒေါ့မွန်နဲ့ ရီးရဲလ်တို့ရဲ့ပွဲစဉ်မှာ ကာတီက ရော်နယ်ဒိုရဲ့ ဂျာစီအင်္ကျီကို ကိုင်မြှောက်အားပေးခဲ့တာဖြစ်ပြီး အော်ဘာမီယန်းကလည်း အဲဒီပုံကို သူ့ရဲ့ အင်စတာဂရမ်ဝက်ဘ်ဆိုက်မှာ တင်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့သားကို ပျော်ရွှင်အောင် လုပ်ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ခရစ္စတီယာနိုလို့လည်း ရေးသားခဲ့ပါတယ်။ အော်ဘာမီယန်းနဲ့ ရော်နယ်ဒိုတို့ဟာ အဲဒီပွဲအပြီးမှာ ဂျာစီအင်္ကျီတွေကို အပြန်အလှန်လဲလှယ်ခဲ့ကြပါတယ်။

## တော့တီကို ချန်ထားဖို့ မကြိုးစားနဲ့




ခွန်းဆက်

စုစည်းတင်ပြသည်

ရိုမားဝါရင့်ကွင်းလယ်လူ တော့တီရဲ့ ဇနီးသည် ဘလာစီဟာ သူမရဲ့ ခင်ပွန်းသည်နဲ့ ပတ်သက်ပြီး ရိုးမားနည်းပြစပယ်လက်တီကို ပြင်းပြင်းထန်ထန် ဝေဖန်ပြစ်တင်လိုက်ပါတယ်။ အသက် ၄၀ ရှိပြီဖြစ်တဲ့ တော့တီဟာ သူစွဲစွဲမြဲမြဲကစားလာတဲ့ ရိုးမားအတွက် ဆက်လက်ပေးဆပ်ကစားချင်နေဆဲဖြစ်ပေမယ့် စပယ်လက်တီကတော့ တော့တီရဲ့ စွမ်းဆောင်ရည်ကို သံသယဝင်နေပြီး ပွဲထွက်စာရင်းက ဖယ်ရှားပစ်တာ များပါတယ်။ တော့တီဟာ တိုရီနိုနဲ့ပွဲမှာ ရိုးမားအတွက် ဂိုး ၂၅၀ မြောက်ကို သွင်းယူပြီးနောက်မှာ ဘလာစီက စပယ်လက်တီဟာ သေးနုတ်သိမ်ဖျင်းသူ ဖြစ်တယ်လို့ ဝေဖန်တိုက်ခိုက်ခဲ့တာပါ။ သူမအနေနဲ့ အားကစားနဲ့ ပတ်သက်ပြီး အများကြီးမပြောချင်ပေမယ့် စပယ်လက်တီမှာ လူသားတစ်ယောက်နဲ့ လျော်ညီတဲ့ အဆင့်အတန်းမရှိကြောင်း၊ သေးနုတ်သိမ်ဖျင်းသူဖြစ်ကြောင်း ဘလာစီက အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။ တော့တီဟာ ရုပ်သံအစီအစဉ် တင်ဆက်သူ ဘလာစီနဲ့ ၂၀၀၅ ခုနှစ်မှာ လက်ထပ်ခဲ့ပါတယ်။ ■





## လန်ဒန်မှာဆုံတဲ့ စပိန်သားနဲ့ အိန္ဒိယမယ်

မတူညီတဲ့ နိုင်ငံနှစ်ခုက ကောင်လေးနဲ့ ကောင်မလေးတို့ဟာ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မှာ ဆုံတွေ့ကြတယ်။ တစ်ဦးက အာဆင်နယ်နောက်တန်းက စပိန်သားလေး ဘယ်လာရင်ပါ။ နောက်တစ်ဦးက ၂၀၀၇ ခုနှစ်တုန်းက အိန္ဒိယမယ်ဘွဲ့ရခဲ့ပြီး ဘောလီးဝုဒ်ရုပ်ရှင်လောကမှာ သရုပ်ဆောင်လုပ်နေတဲ့ အီရှာဂုပတာဆိုတဲ့ အာရှသူလေးဖြစ်ပါတယ်။ အီရှာဟာ အာဆင်နယ်အသင်းရဲ့ နာမည်ကျော် ပရိသတ်တစ်ဦးဖြစ်ပြီး အာဆင်နယ်အသင်းရဲ့ ပွဲစဉ်တွေမှာ တွေ့မြင်ရတတ်ပါတယ်။ အီရှာဟာ အာဆင်နယ်က ချဲလ်ဆီးကို ဂိုးပြတ်ချေမှုန်းခဲ့တဲ့ပွဲကို လာရောက်အားပေးခဲ့သလို ပွဲအပြီးနောက်နေ့မှာလည်း ဘယ်လာရင်နဲ့အတူ တွေ့မြင်ရပါတယ်။ သူတို့နှစ်ယောက်ဟာ လန်ဒန်မြို့က သက်သတ်လွတ် စားသောက်ဆိုင် ဗနီလာဘလက်မှာ ညစာအတူစားသောက်ခဲ့ကြပါတယ်။ အဲဒီနောက်မှာ စကားတွေပြောရင်း၊ ရယ်မောပျော်ရွှင်ရင်း ဘယ်လာရင်ရဲ့ မာစီးဒီးစ်ကားပေါ်ကို အတူရောက်သွားကြပါတယ်။ သူတို့နှစ်ယောက်ဟာ ချစ်သူတွေလို့ ဖွင့်ဟမကြေညာသေးပေမယ့် ဘယ်ကိုဦးတည်နေကြသလဲဆိုတာတော့ အားလုံးသိနိုင်ကြပါလိမ့်မယ်။

## ဆွန်ကို ရပ်တန့်မယ့်အရာ




စပါးအသင်းရဲ့ တောင်ကိုရီးယားတိုက်စစ်မှူး ဆွန်ဟောင်မင်ဟာ ကွင်းထဲမှာ ရပ်တန့်လို့မရတဲ့ ကစားသမားတစ်ယောက်လို ဖြစ်လာနေတယ်။ စပါးအသင်းရဲ့ အဓိကတိုက်စစ်မှူး ဟယ်ရီကိန်း ဒဏ်ရာကြောင့် နားနေရချိန်မှာ ဆွန်ဟောင်မင်က နောက်ဆုံးကစားခဲ့တဲ့ ၅ ပွဲမှာ ၅ ဂိုး သွင်းယူထားနိုင်ပါတယ်။ စပါးအသင်းရဲ့ နိုင်ပွဲတွေမှာ အဓိကကျနေတဲ့ ဆွန်ကိုဘောလုံးကွင်းထဲမှာ ရပ်တန့်လို့ မရသလိုဖြစ်နေပေမယ့် သူ့နိုင်ငံက စစ်တပ်က ရပ်တန့်နိုင်တော့မှာပါ။ တောင်ကိုရီးယားနိုင်ငံက သရုပ်ဆောင်၊ အဆိုတော်တို့ အပါအဝင် နာမည်ကျော်အားလုံးလိုလို စစ်မှုထမ်းရတဲ့နည်းတူ ဆွန်ဟာလည်း တိုင်းပြည်အတွက် စစ်မှုထမ်းရတော့မှာဖြစ်ပါတယ်။ သူဟာ မကြာခင်မှာ အသက် ၂၈ နှစ်ပြည့်တော့မှာဖြစ်ပြီး စစ်မှုထမ်းရမှာဖြစ်တဲ့အတွက် စပါးကို ၂ နှစ်လောက် ကျောခိုင်းရဖို့ ရှိပါတယ်။